AMATA

HOLDING
PUBLIC CO., LTD.

2025

ANNUAL REPORT



www.amataholding.com

Table of Contents

1 CORPORATE OVERVIEW

- Corporate Profile
- Message From the Chairman
- Board of Directors
- Our Management Team
- Amata's Key Business

2 BUSINESS OPERATION OF THE COMPANY

- "Amata" Brand Hotel and Resort
- Oriental Hot Air Ballooning Service

3 COMPANY'S SOCIAL AND ENVIRONMENTAL IMPACT:


- Activities related to Corporate Social Responsibility (CSR)

4 CORPORATE GOVERNANCE

- Corporate Governance Structure
- Composition of the Board Committees
- Board Meetings And Attendance
- Corporate Information
- Shareholding List
- Material Transaction with Related Parties

5 FINANCIAL (1ST APRIL 2024 ~ 31ST MARCH 2025)

- Management Discussion And Analysis
- Audited Consolidated Financial Statements



Corporate Overview



ကုမ္ပဏီ၏ နောက်ခံသမိုင်းကြောင်း

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”၊ “အမတ” သို့မဟုတ် “အဖွဲ့” ဟု ရည်ညွှန်းသည်) သည် ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် စာရင်းဝင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီ ၏ အဓိကလုပ်ငန်းများမှာ ဟိုတယ်လုပ်ငန်းနှင့် ဧည့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် အခြေခံထားပါသည်။ ကုမ္ပဏီကို ၂၀၁၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇွန်လ ၃ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် ကုမ္ပဏီ၏အစုရှယ်ယာများကို စတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုအား စတင်ခဲ့ပါသည်။ အမတ လုပ်ငန်းစုသည် မြန်မာနိုင်ငံအတွင်းရှိ ထင်ရှားကျော်ကြားသော ခရီးသွားအရေးပါသည့် ဒေသများတွင် အလယ်အလတ်မှ ပရီမီယံအဆင့်အထိရှိသောဟိုတယ်များ၊ အပန်းဖြေစခန်းများဖြင့်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများအား၊ ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်နေပါသည်။

အဓိကလုပ်ငန်းများ

အမတဟိုး(လ်)ဒင်း၏အဓိကလုပ်ငန်းဆောင်ရွက်မှုများမှာပြည့်စုံသော ခရီးသွားလာမှုနှင့် အပန်းဖြေမှုအတွေ့အကြုံများကို ဝန်ဆောင်မှု ပေးရန်ဖြစ်ပြီး အထူးအား ဖြင့်ဟိုတယ်နှင့်အပန်းဖြေစခန်းလုပ်ငန်းများနှင့်လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများ ပါဝင်ပါသည်။
အမတလုပ်ငန်းစုတွင် အောက်ပါ အဓိက စီးပွားရေးလုပ်ငန်းများလည်ပတ် ဆောင်ရွက်နေပါသည်။
- ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေ၌တည်ရှိသော Amata Resort and Spa (ငပလီကမ်းခြေ) ကို ၂၀၀၃ခုနှစ်တွင် စတင် လည်ပတ်ခဲ့သည်။
- မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ၊ သီရိပစ္စယာရွာတွင် တည်ရှိသော My Bagan Residence” by Amata ကို ၂၀၁၁ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သည်။
- အစောပိုင်းအပန်းဖြေစခန်းများ၏ အောင်မြင်မှုအပေါ် မူတည်၍ အမတ လုပ်ငန်းစုသည် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ် အင်းလေးကန် ဒေသတွင်တည်ရှိသော Amata Garden Resort (အင်းလေးကန်) ကို ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

ထို့အပြင် အမတ လုပ်ငန်းစုသည် ၎င်း၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သော Myanmar Ballooning Co., Ltd. မှတဆင့် လုပ်ငန်းများကို ကွပ်ပြားအောင် လုပ်ဆောင်သည့် အနေဖြင့် Oriental Ballooning အမည်ဖြင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများအား မြန်မာနိုင်ငံရှိ မြို့ ၅ မြို့ ဖြစ်သော ပုဂံ၊ မန္တလေး၊ အင်းလေးကန်၊ ငပလီကမ်းခြေနှင့် ပင်းတယတို့တွင် သာယာလှပပြီး ကျယ်ပြန့်သော ရှုခင်းများကို ကြည့်ရှုနိုင်သည့် လူစီးမီးပုံးပျံစီးခြင်း ဝန်ဆောင်မှုများပေးခဲ့ပါသည်။ အမတ လုပ်ငန်းစုသည် ၎င်း၏ လုပ်ငန်းချဲ့ထွင်မှု အစီအစဉ်ကို အထောက်အကူပြုရန် ၂၀၁၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း(IFC)နှင့် USD ၁၀.၇သန်းတန်ဖိုးရှိသော ပြောင်းလဲနိုင်သည့် ချေးငွေသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ဤရန်ပုံငွေသည် ပုဂံနှင့် အင်းလေးဒေသများရှိ ဟိုတယ်များ ချဲ့ထွင်ရန် အဖွဲ့၏ မဟာဗျူဟာကို အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

၂၀၁၇ ခုနှစ်တွင် လုပ်ငန်းစုသည် အခန်းပေါင်း ၁၂၂ ခန်းပါဝင်သော Amata Garden Resort (ပုဂံ) ကို ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ်တွင် Amata Garden Resort (အင်းလေးကန်) ၌ အခန်းပေါင်း ၉၃ ခန်း ထပ်မံတိုးချဲ့ခဲ့ပါသည်။ မိမိတို့၏ လုပ်ငန်းလည်ပတ်မှုရလဒ်များ တိုးမြှင့်နိုင်ရန်အလို့ငှာ ဟိုတယ်ဧည့်သည်၊ ဟိုတယ်အခန်းနှင့်ဟိုတယ်တည်နေရာ အရေအတွက် တိုးမြှင့်ရန် နှင့်စပ်လျဉ်း၍ လုပ်ငန်းအပိုင်းကဏ္ဍကို တိုးချဲ့ခြင်းအားဖြင့် လုပ်ငန်းစုသည် တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းခရိုင်၊ မြိတ်ကျွန်းစုဒေသရှိ ဖိုးနီကျွန်းပေါ်တွင် Amata Resort & Spa (Andaman)ကို ဒီလာ ၁၄လုံး ဖြင့် ဖွင့်လှစ်ခဲ့ပြီးဝန်ဆောင်မှုပေးခြင်းအား ၂၀၂၁ ခုနှစ် မှစတင် ဆောင်ရွက်ခဲ့ပါသည်။

လက်အောက်ခံကုမ္ပဏီများ(လုပ်ငန်းခွဲများ) ပိုင်ဆိုင်မှု

၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၎င်း၏ အဓိကလုပ်ငန်းခွဲများ တွင် အရေးပါသော ရှယ်ယာပိုင်ဆိုင်မှုများ ရှိပါသည်။

လုပ်ငန်းစုသည် ကုမ္ပဏီ၏ ဟိုတယ်နှင့် အပန်းဖြေစခန်းများကို စီမံခန့်ခွဲ လုပ်ကိုင်သော United International Group Limited (UIG) ၏ အစုရှယ်ယာ ၉၉.၉၉% ကို ပိုင်ဆိုင်ပါသည်။

လုပ်ငန်းစုသည် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းကို တာဝန်ယူထားသော Myanmar Ballooning Co., Ltd (MB) တွင် အစုရှယ်ယာ ၅၁% ကို ပိုင်ဆိုင်ပါသည်။
ထို့ကြောင့် UIG နှင့် MB နှစ်ခုလုံးသည် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများ (လုပ်ငန်းခွဲများ) ဖြစ်ကြသည်။

အထင်ကရမှတ်တိုင်များ

၂၀၀၃ ခုနှစ်: ကုမ္ပဏီ၏ မူလအစသည် မိသားစုလုပ်ငန်းတစ်ခုမှ စတင်ခဲ့ပါသည်။
၂၀၁၆ခုနှစ်: အစုရှယ်ယာအဖြစ်အသွင်ပြောင်းခွင့်ရှိသောချေးငွေ (Convertible loan)ဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို IFC နှင့် ချုပ်ဆို၍ ကျွန်ုပ်တို့၏လုပ်ငန်းများ ကြီးထွားတိုးတက်လာစေရန်အတွက် များစွာသောကြိုးပမ်းအားထုတ်မှုများကို ကျွန်ုပ်တို့ပြုလုပ်နိုင် ခဲ့ပါသည်။
၂၀၁၇ ခုနှစ်: အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကိုမြန်မာနိုင်ငံတွင်တရားဝင်ဖွဲ့စည်းတည်ထောင်ခဲ့ပါ သည်။
၂၀၁၈ ခုနှစ်: အများပြည်သူသို့ ရှယ်ယာရောင်းချရန်အတွက် ကုမ္ပဏီ၏ အလားလာသွန်းတမ်း (Prospectus) ကို ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူ ၅၉၆ ဦးမှ ရှယ်ယာ ၄၉၇,၅၉၈ စု ကို တစ်စုလျှင် ကျပ် ၅,၀၀၀ ဖြင့် အောင်မြင်စွာ ရင်းနှီးမြှုပ်နှံခဲ့ကြပါသည်။
၂၀၂၁ ခုနှစ်: ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် ရှယ်ယာများ စာရင်းဝင်ဆောင်ရွက်ခဲ့ပြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍမှ ပထမဆုံး စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကုမ္ပဏီတွင် ဟိုတယ်နှင့် အပန်းဖြေစခန်း ၅ ခု (ဒီလာများအပါအဝင်) ရှိပြီး၊ စုစုပေါင်း အခန်းပေါင်း ၄၁၅ ခန်းနှင့် ဒီလာ ၃၄ လုံးခန့် ရှိပါသည်။

Corporate Profile

Amata Holding Public Company Limited (hereinafter referred to as the "Company," "AMATA," or "the Group") is a company listed on the Yangon Stock Exchange (YSX). The Company's primary business activities are centered on the hotel and tourism services sector in Myanmar. Established in 2017, the Company commenced trading its shares on the Yangon Stock Exchange on 3rd June, 2021, marking the initiation of its public investment.The Amata Group is actively engaged in the development and management of hotels and resorts ranging from mid-tier to premium classifications, providing services in prominent and strategically important tourist regions within Myanmar.

Primary business activities

Amata Holding's principal activities focus on providing comprehensive travel and leisure experiences. These include Hotel and Resort Operations and Hot Air Ballooning Services.

The Amata Group's portfolio includes several key business:

- The Amata Resort and Spa (Ngapali Beach), located in Thandwe Township, Rakhine State, began operations in 2003.
- My Bagan Residence by Amara, situated in Thiripyitsayar Village, Nyaung-U Township, Mandalay Region, commenced operations in 2011.
- Building on the success of its initial resorts, the Group opened Amata Garden Resort (Inle Lake) in 2013, located in Nyaung Shwe Township, Shan State.

The Group has also diversified its business through its subsidiary, Myanmar Ballooning Co., Ltd. Operated under the brand name Oriental Ballooning, Amata offers serene, panoramic hot air balloon rides in five cities across Myanmar, including Bagan, Mandalay, Inle Lake, Ngapali Beach and Pindaya.To support its business expansion plan, in 2016, an agreement was reached with the International Finance Corporation (IFC) for a convertible loan of US$10.7 million. This funding was intended to support the Group's strategy for hotel expansion in the Bagan and Inle areas.

In 2017, the Group opened the Amata Garden Resort (Bagan), which features 122 rooms. Subsequently, in 2018, an additional 93 rooms were added to the Amata Garden Resort (Inle Lake).To enhance our operational outcomes, the Group expanded its business segment by increasing the number of hotel guests, rooms, and locations. Consequently, Amata Resort & Spa (Andaman), featuring 14 villas, was opened on Pho Ni Island in the Myeik Archipelago Region, Kaw Thoung District, Tanintharyi Region. The resort has been operational and providing services since 2021.

Subsidiary Holdings

As of August 1, 2018, Amata Holding Public Company Limited holds significant stakes in its key operational subsidiaries:

Amata owns 99.99% of United International Group Limited (UIG), which manages and operates the company's hotel and resort properties.

Amata holds a 51% share in Myanmar Ballooning Co., Ltd (MB), responsible for the hot air ballooning business.

Consequently, both UIG and MB are subsidiaries of the company.

Milestones

2003: The Company's origins trace back to a family business.

2016: We entered into a convertible loan agreement with IFC, which significantly enabled our efforts to foster the growth and development of our operations.

2017: Amata Holding Public Company Limited is formally incorporated in Myanmar.

2018: Issued its prospectus for a public offering. 497,598 shares priced at 5,000 Kyats were successfully subscribed by 596 investors in Myanmar.

2021: Shares are listed on the Yangon Stock Exchange (YSX), making it the first hotel and tourism sector company to be listed on the exchange.

As of March 31, 2025, the company has 5 hotels and resorts, including villas, totaling approximately 415 rooms and 34 villas.



ဥက္ကဋ္ဌ၏ အမှာစကား ”

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာရေးနှစ်အတွက် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ နှစ်ပတ်လည် အစီရင်ခံစာကို တင်ပြအပ်ပါသည်။ ယခုနှစ်သည် ကျွန်ုပ်တို့၏ လုပ်ငန်းစု၏ ခရီးသွားနှင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုလုံး အတွက် အထူးပင်ခက်ခဲသော နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ စိန်ခေါ်မှုများပြည့်နှက်နေသောလုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်တို့သည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကို ဆက်လက်၍ ပြင်းထန်စွာ ထိခိုက်စေခဲ့ပါသည်။ ယခင်နှစ်က ကျွန်ုပ်တို့ အစီရင်ခံခဲ့သည့် ခရီးသွားလုပ်ငန်းအတွက် ဝယ်လိုအားနည်းပါးမှုသည် ယခုဘဏ္ဍာရေးကာလ တစ်လျှောက်လုံးတွင် ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး၊ ကျွန်ုပ်တို့၏ ဝင်ငွေနှင့် လုပ်ငန်းလည်ပတ်မှုများအပေါ် အလွန်အမင်းဖိအားဖြစ်စေခဲ့ပါသည်။ ကျွန်ုပ်တို့၏ ကုန်ကျစရိတ်လျှော့ချရေး အစီအစဉ်များနှင့် ယခင်က ဆောင်ရွက်ခဲ့သော strategic actions ရှိနေသော်လည်း၊ ဈေးကွက်အခြေအနေများကြောင့် ပြန်လည်နာလန်ထူခွင့်မရှိနိုင်ခဲ့သေးပါ။

ထို့အတွက်ကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းစုဝင်ငွေသည် ထပ်မံကျဆင်းခဲ့ပြီး၊ ယခုဘဏ္ဍာရေးနှစ်အတွက် အသားတင်အရှုံးဖြင့် ရပ်တည်ခဲ့ရကြောင်း အစီရင်ခံအပ်ပါသည်။ ဤရလဒ်သည် ကျွန်ုပ်တို့၏ ထိန်းချုပ်မှုပြင်ပတွင်ရှိသော ပြင်ပဖိအားများ၏ တိုက်ရိုက်ရောင်ပြန်ဟပ်မှုဖြစ်ပြီး၊ လုပ်ငန်းများကို အပြည့်အဝလည်ပတ်နိုင်စွမ်းနှင့် အမြတ်အစွန်းရရှိနိုင်စွမ်းကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ ဤအခြေအနေမှန်ကို တုံ့ပြန်သည့်အနေဖြင့် ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့သည် ကုမ္ပဏီ၏ ရေရှည်ရပ်တည်နိုင်စွမ်းကို ထိန်းသိမ်းရန် ပိုမိုအာရုံစိုက်လုပ်ဆောင်ခဲ့ပါသည်။

ယခုနှစ်အတွင်း ကျွန်ုပ်တို့၏ အဓိကလုပ်ဆောင်ချက်များမှာ –

လုပ်ငန်းလည်ပတ်မှု ပြန်လည်စုစည်းခြင်း – ဘဏ္ဍာရေးယိုစီးမှုကို တားဆီးရန်အတွက် လုပ်ငန်းလည်ပတ်မှုအားနည်းသော နေရာအချို့တွင် လုပ်ငန်းများကို ယာယီရပ်ဆိုင်းရန် ခက်ခဲသောဆုံးဖြတ်ချက်ကိုချမှတ်ကာ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုတစ်ခုလုံးကို စေ့စေ့စပ်စပ် ပြန်လည်သုံးသပ်ခဲ့ပါသည်။

ပိုင်ဆိုင်မှုများကို ကာကွယ်ထိန်းသိမ်းခြင်း – ဈေးကွက်ပြန်လည်ကောင်းမွန်လာသည့်အခါတွင် အသင့်ဖြစ်နေစေရန် ကျွန်ုပ်တို့၏ အဖိုးတန်ဆုံး အဓိကပိုင်ဆိုင်မှုများကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိရေး၊ ငွေသားစီးဆင်းမှုကို ကာကွယ်ထိန်းသိမ်းရေးနှင့် သတိကြီးစွာဖြင့် အရင်းအနှီးစီမံခန့်ခွဲရေးတို့ကို အဓိကအာရုံစိုက်ခဲ့ပါသည်။

သက်ဆိုင်သူများနှင့် ပိုမိုနက်ရှိုင်းစွာ ထိတွေ့ဆက်ဆံခြင်း – ဤကာလကို အတူတကွကျော်ဖြတ်နိုင်ရန် ပူးပေါင်းဆောင်ရွက်သော အဖြေများကိုရှာဖွေလျက်၊ ကျွန်ုပ်တို့၏ရေရှည် ပေးရန်ရှိသော တာဝန်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးမိတ်ဖက်များနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

ကျွန်ုပ်တို့၏ ချက်ချင်းအကောင်အထည်ဖော်ရမည့် မဟာဗျူဟာသည် တိုးတက်မှုကို အတင်းအကျပ်ရှာဖွေခြင်းမဟုတ်ဘဲ၊ လုပ်ငန်းစု၏ ကြံ့ခိုင်မှုနှင့် အခြေအနေတစ်ခုအရပြန်လည်ကောင်းမွန်လာပါက လုပ်ငန်းစုအနေဖြင့် လုပ်ငန်းပြန်လည်လည်ပတ်မှုအားအသင့်ဖြစ်မှုတို့ကို ဦးတည်ပါသည်။ ကျွန်ုပ်တို့သည် ကျစ်လစ်သောလုပ်ငန်းဖွဲ့စည်းပုံကို ထိန်းသိမ်းထားရန်နှင့် ဈေးကွက်အခြေအနေများ တည်ငြိမ်စွာတိုးတက်လာသည့်အခါတွင် အမတလုပ်ငန်းစုအနေဖြင့် လျင်မြန်ထိရောက်စွာ တုံ့ပြန်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါသည်။ ဤနှစ်သည် အမတမိသားစုဝင်အားလုံးအတွက် ခက်ခဲသောနှစ် ဖြစ်ခဲ့ပါသည်။ ဤခက်ခဲသောအချိန်များတွင် ထူးကဲစွာ အားထုတ်ကြိုးပမ်းပေးခဲ့ကြသော ကျွန်ုပ်တို့၏ ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာဖြင့် အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးမိတ်ဖက်များ၏ တည်ကြည်စွာ ရပ်တည်ပေးမှုအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် ရှယ်ယာရှင်များအား ဤစိန်ခေါ်မှုကြီးမားသော အခါသမယတွင် သင်တို့၏ ယုံကြည်စွာရပ်တည်ပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိပါသည်။ သင်တို့၏ ပံ့ပိုးမှုသည်ကျွန်ုပ်တို့၏ ကြံ့ခိုင်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး၊ အမတဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို ယခုတွေ့ကြုံနေရသော အခြေအနေအရပ်ရပ် ကြားမှ ပိုမိုတည်ငြိမ်သော အခြေအနေသို့ ပို့ဆောင်နိုင်ရန် ကျွန်ုပ်တို့ ကြိုးစားသွားမည်ဖြစ်ပါသည်။

ကျေးဇူးတင်ရှိပါကြောင်းနှင့် လေးစားစွာဖြင့်၊
ဦးဝင်းအောင်
ဥက္ကဋ္ဌ

Message from the Chairman

DEAR OUR VALUED SHAREHOLDERS,

It is with a sense of profound responsibility that I present the Amata Holding Public Company Limited's Annual Report for the fiscal year ended 31 March 2025. This has been an exceptionally challenging year for our entire Group's travel and hospitality businesses.The challenging operating environment continued to severely impact our business. The low demand for tourism, which we reported on in the previous year, persisted throughout this financial period, placing immense pressure on our revenue and operations. Despite our cost-reduction initiatives and previously implemented strategic actions, market conditions have not yet allowed for recovery.

Consequently, we regret to report that our Group's revenue further declined, resulting in a net loss for this financial year. This outcome is a direct reflection of external pressures beyond our control, which have hindered our ability to operate fully and achieve profitability.

In response to this reality, our Board of Directors and management team have focused more intently on preserving the company's long-term viability. Our key actions during the year included:

Operational Reorganization: We conducted a thorough review of our entire operations, making the difficult decision to temporarily suspend operations in some underperforming areas to prevent financial drain.

Asset Preservation: Our primary focus was on maintaining our most valuable core assets in good condition, protecting cash flow, and carefully managing capital to be ready when the market recovers.

Deeper Stakeholder Engagement: We continued discussions with our financial partners regarding our long-term obligations, seeking collaborative solutions to navigate this period together.

Our immediate strategy is not to force growth, but rather to prioritize the Group's resilience and readiness for recovery when conditions permit. We are committed to maintaining a lean operational structure and ensuring that the Amata Group can respond quickly and effectively when market conditions steadily improve.

This has been a difficult year for all members of our family. We wish to express our heartfelt gratitude to all our employees for their exceptional efforts during these challenging times. We are also deeply thankful for the unwavering support of our business partners.

Finally, we thank our shareholders for your trust and steadfast support during this challenging period. Your support is the cornerstone of our resilience, and we will strive to guide Amata Holding Public Company Ltd. towards a more stable position amidst the current circumstances.

Thank you and sincerely,
Win Aung
Chairman

Board of Directors



U Win Aung is the Founder and Chairman of Amata Hotel Group since 2000, Chairman of Amata International Co., Ltd. from 2012 and Managing Director of Utility Plastic Industry Co., Ltd. From 1997 onwards.

Managing Director of United International Group Limited and United Home Center (1996–2012) which manufactures and distributes indoor and outdoor furniture

BBA (International Marketing), City University of NewYork, 1993



Daw Nay Myat Thu Aung is the Director of Amata Hotel Group since 2000. She was a former Administrator of Green Cross Specialist Center (1998 - 2000). As an Administrator of clinical operations have significant responsibilities in planning, directing, and evaluating all medical activities within their facility.

She worked with the goal of boosting economical and efficient performance of their medical team while delivering high-quality patient services.

She operates “My Bagan” Souvenir Shop and manages to open a gift shop complete market research and carries out a market analysis on competitors, demographics and place where the shop will be in its area.

She is also managing and supervising all areas of the Nibbana SPA, including its programs, services, hour of operations and facilities. Coordinates the delivery of SPA services, including salon and skincare.

She received her Bachelor of Science BSc. Maths from University of Yangon.

Board of Directors



Daw Than Than Aung is the Director of Amata Holding Public Co., Ltd. since 2017.

Previously she was a senior assistant teacher from 1972 to 1988.

Bachelors of Education in English from the Teachers' Training College (Yangon) .

Daw Nilar Win is the Director of Amata Hotel Group since 2000. She was a former Director of United Home Centre Co., Ltd. Furniture & Interior Decoration (1993–2012).

She managed with other departments in order to establish and maintain effective and relevant export and relevant export/import activities and support in relation to the organization's sales, purchasing, materials management, production and overall operating functions.

She received her Bachelor BSc. Physics (Hons:), from University of Yangon.

Daw Khin Su Su Han is the Director of Amata Holding Public Co., Ltd. since 2017.

She works at Nilar Yoma Trading Company Limited, an oil and gas trading company since 2000.

She holds a Bachelor of Science (Honors) in Zoology from the University of Yangon in 1996. She also obtained a Master of Science in Zoology from the University of Yangon in 2000.

In 2012, she obtained a Degree of Master in Public Administration from the Yangon Institute of Economics

Independent Directors



U Kyaw Paing is currently serving as the Chief Executive Officer of Myanmar Construction and Development Public Co., Ltd., and Vice Chairman of the Myanmar Construction Entrepreneurs Association.

Previously he was the Managing Director of Serge Pun & Associates (Myanmar) Limited and First Myanmar Investment Company Limited, after joining the group in 1991, taking care of financial services division. He also served as the Chairman of Yoma Bank Ltd until 2014.

Since 1974, he has practiced law and has in-depth knowledge of Myanmar Corporate and Financial Law. He received his Bachelor of Arts (Law) in 1973 from the University of Yangon, Myanmar and a Bachelor of Law in 1974.



Daw Theta Aye has over 12 years of experience in the financial services sector, covering both debt and equity capital markets and corporate advisory as well as PE/VC investment management.

She is currently the acting CEO of Mother Finance Co., Ltd. the first digital lending mobile application platform in Myanmar, serving over 300,000 customers. She is also serving on the boards of several startups and a microfinance institution as independent director.

Her previous work experience included: Deputy Managing Director at KBZ Group; Director at KBZSC Securities (Myanmar); Director as Dymon Asia Capital, a Temasek Holdings backed SEA-focused private equity fund; Deal Structuring and Portfolio Manager of LNG assets at Shell Eastern Petroleym; and Engagement Manager at AT Kearney in Singapore.

She started her career at Standard Chartered Bank's M&A and corporate finance team where she completed initial public offerings, follow-on fundraisings and M&A transactions valued in excess of USD 7 billion.She received her undergraduate and graduate education at University of Oxford (UK), Massachusetts Institution of Technology (USA)and Lee Kuan Yew School of Public Policy (Singapore).

Management Team



Hsu Lin Naing
Chief Financial Officer



Nilar Win
Director of Administration



Lwin Lwin Pyone
Director of Operation



Thida
Director of Finance



Zaw Win Hlaing
Group Director of HR



Thet Mar Aye
Director of Sales & Marketing



Donna Tasker
Chief Pilot (Oriental Ballooning)




Hnin Hnin Thet
Compliance Officer



Kalayar Htwe
Admin Manager



Aye Mya Khwar Nyo
Asst: Director of Sales



Richard Peter Ashford
Asst : Chief Pilot (Oriental Ballooning)

Amata's Key Business

Amata's Key Business

Amata
Holding Public Co.,Ltd

Hotel Management

United International Group Ltd
(99.99%)

Amata Resort & Spa
(Ngapali Beach)

Amata Garden Resort
(Inle Lake)

Amata Garden Resort
(Bagan)

Amata Resort & Spa
(Andaman)

My Bagan Residence By Amata

Ballooning Operations

Myanmar Ballooning Co.,Ltd
(51%)

Business Operation of the company

Amata resort & spa

Amata garden resort

Amata GARDEN RESORT

Amata RESORT AND SPA ANDAMAN

My Bagan Residence by Amata

Oriental Ballooning MYANMAR





Amata Resort & Spa, Ngapali Beach

The Experience of a lifetime

Amata Resort & Spa (Ngapali Beach) is located in Mya Pyin Village, Thandwe Township, and Rakhine State, Myanmar and Ngapali Beach is endowed with white sandy beaches and clear water.Amata Resort & Spa (Ngapali Beach) was the first resort under the "Amata" brand and it began operations in 2003 and the resort is currently one of the biggest resorts at Ngapali Beach comprising 92 guest rooms and suites.

The room types range from luxurious "Grand Cabana Seaview" (multi-tiered bungalow),"Cabana Cottage" (two-storey beach bungalow) to fully-furnished "Deluxe" and "Superior" rooms.

Other facilities, including,

- "Dwaryawaddy" restaurant and the "Kissapanadi" lounge.
- Banqueting, meeting and seminar rooms.
- Both traditional specialized international styles Spa.
- Ocean View Swimming pools including kid swimming area, sunbathing deck.
- Private swimming pools for higher category rooms.
- Various guest services such as limousine, outdoor tour, laundry, telephone etc.
- Located near to street food market, restaurant and shops.

The resort is designed to capture the languid beauty of a traditional Asian setting with facilities catered to both the business and leisure traveler.

Amata Resort & Spa (ပေလီကမ်းခြေ) သည် သဲသောင်ဖြူဖြူနှင့် ကြည်လင်သောရေပြင်များကြွယ်ဝလှသော ပေလီကမ်းခြေရှိရာ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ မြပြင်ကျေးရွာတွင် တည်ရှိပါတယ်။ Amata အမှတ်တံဆိပ်ဖြင့် ပထမဦးဆုံး ဖွင့်လှစ်ခဲ့သော ဟိုတယ်အပန်းဖြေစခန်းဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် စတင်လည်ပတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ Amata Resort & Spa (ပေလီကမ်းခြေ) သည် လက်ရှိ ပေလီကမ်းခြေရှိ အပန်းဖြေဟိုတယ်များအနက်မှ အကြီးဆုံး ဟိုတယ်အပန်းဖြေစခန်း တစ်ခုဖြစ်ပြီး အခန်းပေါင်း ၉၂ ခန်းတွင် လာရောက်တည်းခိုနိုင်ပါသည်။

အခန်းအမျိုးအစားများကတော့ ပင်လယ်ပြင်ရှုခင်းဘက်သို့ မျက်နှာမူထားသော ကမ်းခြေဘန်ဂလို နှစ်ထပ်အဆောက်အဦးဖြင့် အခန်းဖွဲ့ထားသော အဆင့်မြင့်အခန်းများနှင့် အခြားအဆင့်မြင့်အခန်းများထိ ပါဝင်ပါသည်။

အခြားပါဝင်သောဝန်ဆောင်မှုများမှာ

- ပေလီကမ်းခြေ၏ အလှအပကို ခံစားရင်း ဧည့်သည်များ စားသောက်ဖွယ်ရာများကို သုံးဆောင်နိုင်ရန် ဖန်တီးပေးမည့် "Dwaryawaddy Restaurant" နှင့် "Kissapanadi Lounge & Bar" ၊
- ဧည့်ခံပွဲ၊ အစည်းအဝေး နှင့် ဆွေးနွေးပွဲ အခန်းများ၊
- ရိုးရာအနှိပ်ပညာအထူးပြုထားသော Spa နှင့် နိုင်ငံတကာ အနှိပ်နည်းပညာပုံစံ Spa ၊
- ပင်လယ်ပြင်ရှုခင်းဘက်သို့ မျက်နှာမူထားသော ကလေးများ ရေကူးရန် အတွက်ပါ ပါဝင်သော အဆင့်မြင့် ရေကူးကန်နှင့် နေဆာလှုံရန် ခုံတန်းများ၊
- အဆင့်မြင့်တည်းခိုခန်းများအတွက် ကိုယ်ပိုင်သီးသန့်ရေကူးကန်၊
- ကားအငှားဝန်ဆောင်မှုများ၊ ဒေသတွင်းလည်ပတ်ရန်အတွက် ဝန်ဆောင်မှုများ၊ အဝတ်လျှော် ဝန်ဆောင်မှုများ၊ တယ်လီဖုန်းနှင့် အခြားသော ဝန်ဆောင်မှုများ၊
- ဒေသခံများဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များ၊ စျေးဆိုင်/စျေးတန်းများဖြင့် နီးကပ်စွာတည်ရှိခြင်း။

အလုပ်ကိစ္စဖြင့် ဖြစ်စေ၊ အပန်းဖြေ အနားယူရန်ဖြစ်စေ ၊ လာရောက်လည်ပတ်ကြသော ခရီးသွားများအတွက် အာရှရိုးရာ အလှတရားများဖြင့် တည်ငြိမ်သော အလှတရားများ ပေါ်လွင်အောင် ဖန်တီးတည်ဆောက်ထားပါတယ်။



Amata Garden Resort (Inle Lake) offers a peaceful escape, ideally situated on the eastern side of Inle Lake in Inn Gyin Gone Village, Nyaung Shwe Township, Shan State, Myanmar. Spread across 18 acres of beautifully landscaped gardens, the resort provides comfortable accommodations, many of which feature picturesque views of the lake or the surrounding mountains. Guests are invited to experience the diverse amenities offered at the resort, including fine dining at the Royal Lotus Restaurant, invigorating outdoor swimming pools for leisure, and rejuvenating treatments at The Lotus Spa. Since its establishment in 2013 with an initial capacity of 62 guest rooms, the resort has undergone substantial expansion, now comprising 189 elegantly appointed guest rooms and suites. A notable architectural distinction of the property is its three-story main building, making it the sole high-rise hotel within its geographical area."

Accommodation:

The resort offers a comprehensive selection of elegantly appointed rooms, suites, and villas designed to cater to diverse guest preferences.
The accommodation options include;
60 Deluxe Rooms (Lake View/Mountain View), 93 Royal Deluxe Rooms, 2 Deluxe Suites, 20 Luxury Amata Villas, 14 Superior Rooms

Facilities & Services:

Guests at the resort can enjoy a wide array of facilities and services, ensuring a comfortable and memorable stay:

Dining & Refreshments : The Royal Lotus Restaurant and Sunset Bar offers both indoor and outdoor dining experiences, serving a blend of traditional and international cuisine.
Recreation : Two outdoor swimming pools are available for relaxation and leisure.
Wellness : A dedicated spa provides a range of traditional and international spa services.
Tours and Excursions : The resort facilitates curated Inle Lake day tours, including scenic boat rides.
Business and Meetings : Comprehensive business center and meeting facilities are available to cater to corporate and event needs.
Guest Services : A variety of guest services are provided, including professional concierge assistance, efficient dry cleaning/laundry service, and convenient arrangements for outdoor tours.

Accessibility:

The resort is conveniently accessible via multiple routes:
By Road: Approximately a 1.5-hour drive from Heho Airport.
By Boat: The resort is also readily reachable by a 50-minutes boat ride from the Nyaung Shwe boat jetty.

Amata Garden Resort (အင်းလေးကန်) သည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းကြင်းကုန်းရွာ၊ အင်းလေးကန်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး ငြိမ်းချမ်းသော အပန်းဖြေစခန်းတစ်ခု ဖြစ်သည်။ ၁၈ ဧက ကျယ်ဝန်းသော၊ လှပစွာတန်ဆာဆင်ထားသော ဥယျာဉ်အတွင်းတည်ရှိပြီး၊ အခန်းများစွာသည် သဘာဝအလှတရားများဖြင့် ဝန်းရံထားသည့် အင်းလေးကန်မြင်ကွင်း သို့မဟုတ် ပတ်ဝန်းကျင်ရှိတောင်တန်းများ၏ သဘာဝအလှများကို ခံစားနိုင်သော၊ နေထိုင်ရန် သက်တောင့်သက်သာရှိသည့် အခန်းများကို ပြည့်စုံစွာ ဖန်တီထားပါသည်။ ဧည့်သည်တော်များအနေဖြင့် Royal Lotus Restaurant တွင် နှစ်သက်ရာ အရသာရှိသော အစားအသောက်များကို သုံးဆောင်နိုင်ပြီး၊ ရေကန်များတွင် သဘာဝအလှအပကို ခံစားရင်း လန်းဆန်းစွာ ရေကူးနိုင်ခြင်း၊ သို့မဟုတ် The Lotus Spa တွင် စိတ်အပန်းဖြေအနားယူခြင်း၊ စသည့် စုံလင်သောဝန်ဆောင်မှုများကို ခံစားနိုင်ပါသည်။ Amata Garden Resort ကို ၂၀၁၃ ခုနှစ်တွင် ဧည့်ခန်းပေါင်း ၆၂ခန်းဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး၊ ထပ်မံတိုးချဲ့ခဲ့ရာ ယခုအခါ သေသပ်လှပစွာ ပြင်ဆင်ထားသော ဧည့်ခန်းနှင့် အခန်းပေါင်း ၁၈၉ ခန်းအထိ ရှိလာခဲ့ပါသည်။ အဆောက်အအုံ၏ ထူးခြားသော ဗိသုကာလက်ရာမှာ ၎င်း၏ သုံးထပ်အဆောက်အအုံဖြစ်ပြီး ဟိုတယ်၏ ပတ်ဝန်းကျင်ပထဝီဝင်ဧရိယာအတွင်း တစ်ခုတည်းသော မြင့်မားသည့် ဟိုတယ်ဖြစ်ပါသည်။

အခန်းအမျိုးအစားများ

ဟိုတယ်သည် ဧည့်သည်များ၏ ကြိုက်နှစ်သက်မှုများပေါ် မူတည်၍ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စနစ်တကျ ပြင်ဆင်ထားသော အခန်းများ၊ အဆင့်မြင့်အခန်းများ နှင့် ဗီလာအမျိုးမျိုးတို့ကို ပြည့်စုံစွာ ရွေးချယ်တည်းခိုနိုင်ရန် စီစဉ်ပေးထားပါသည်။ ရွေးချယ်တည်းခိုနိုင်သောအခန်းအမျိုးအစားများ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။
Deluxe အခန်းအမျိုးအစား (Lake View / Mountain View) – ၆၀ ခန်း၊ Royal Deluxe အခန်းအမျိုးအစား – ၉၃ ခန်း၊ Deluxe Suites အခန်းအမျိုးအစား – ၂ ခန်း၊ Luxury Amata ဗီလာ – ၂၀ ခန်း
Superior အခန်းအမျိုးအစား – ၁၄ ခန်း

ဧည့်ဝန်ဆောင်မှုများ

ဧည့်သည်များ သက်သောင့်သက်သာရှိပြီး၊ အမှတ်တရ ဖြစ်စေမည့် အမျိုးမျိုးသော ဝန်ဆောင်မှုများကို ခံစားနိုင်ရန်စီစဉ်ထားရှိပါသည်။
စားသောက်ဆိုင်နှင့်ဘား – The Royal Lotus Restaurant နှင့် Sunset Bar တွင် စားသောက်ဆိုင်အတွင်းဘက် နှင့် အပြင်ဘက်ထိုင်ခုံများ၌ သုံးဆောင်နိုင်ပြီး ၊ မြန်မာရိုးရာအစားအစာနှင့် အပြည်ပြည်ဆိုင်ရာ အစားအစာများကို မြည်းစမ်းရင်း အပန်းဖြေနိုင်ပါသည်။
အပန်းဖြေခြင်း – အနားယူခြင်းနှင့် အပန်းဖြေခြင်းအတွက် ပြင်ပ ရေကူးကန် ၂ ခုရှိပါသည်။
ကျန်းမာရေး – ရိုးရာနှင့် နိုင်ငံတကာ spa ဝန်ဆောင်မှုအမျိုးမျိုးကို ကျွန်ုပ်တို့ ပံ့ပိုးပေးထားပါသည်။
စူးစမ်းလေ့လာရေးခရီးများ – အင်းလေးကန်အတွင်း လှေဖြင့် စိတ်ဝင်စားဖွယ် လှည့်လည်ခရီးစဉ်များအပါအဝင်၊ နေ့ချင်းပြန်ခရီးစဉ်များကို ကျွန်ုပ်တို့ စီစဉ်ပေးပါသည်။
အစည်းဝေးဝန်ဆောင်မှုများ – အဖွဲ့အစည်း လိုအပ်ချက်များနှင့် ပွဲများအတွက် လုပ်ငန်း လိုအပ်ချက်အားလုံးကို ပြည့်စုံစွာ ဖြေရှင်းပေးနိုင်သော စင်တာနှင့် အစည်းအဝေးခန်းမများ ရှိပါသည်။
ဧည့်သည်ဝန်ဆောင်မှုများ – ကျွန်ုပ်တို့သည် အမျိုးမျိုးသောဝန်ဆောင်မှုများကိုပံ့ပိုးပေးပြီး၊ Concierge ဝန်ဆောင်မှုများ၊ အဝတ်လျှော်/မီးပူတိုက်ခြင်းဝန်ဆောင်မှုများ၊ ပြင်ပခရီးစဉ်များကို အဆင်ပြေချောမွေ့အောင် ကျွန်ုပ်တို့ ပံ့ပိုးပေးထားပါသည်။

လာရောက်နိုင်သောနည်းလမ်းများ

Amata Garden Resort သို့နည်းလမ်း အမျိုးမျိုးဖြင့် အဆင်ပြေချောမွေ့စွာ သွားရောက်နိုင်ပါသည်။
ကုန်းလမ်းမှသွားရောက်လိုပါက – ဟဲဟိုးလေဆိပ်မှ မော်တော်ကားဖြင့် ခန့်မှန်းခြေ တစ်နာရီခွဲခန့် မောင်းနှင်ရပါသည်။
ရေလမ်းဖြင့်သွားရောက်လိုပါက– ညောင်ရွှေလှေဆိပ်မှ မိနစ် ၅၀ ခန့် လှေစီးရင်း ရောက်ရှိနိုင်ပါသည်။



Amata Garden Resort Bagan offers a peaceful and comfortable stay in the ancient city of Bagan, located in Nyaung U Township, Mandalay Region, Myanmar. Nestled within 6.9 acres of beautifully landscaped gardens in New Bagan (Phwar Saw Village), the resort provides a serene escape while offering easy access to the famous Bagan temples. The resort opened its doors to guests in November 2017. It features 122 elegantly designed Deluxe Rooms, each offering a comfortable and relaxing environment. These rooms come with a private balcony, often boasting garden views, and are equipped with a range of in-room amenities. Situated on both the top and ground floors of the hotel, all private and spacious deluxe rooms provide a private balcony with an outdoor garden view.

Facilities & Services

We offer a comprehensive range of facilities and services designed to enhance your stay.

Dining and Refreshments : Guests can enjoy our on-site restaurant and bar, or unwind at the poolside bar, which provides al fresco seating alongside a delectable menu of light bite and beverages.

Business and Meetings : For professional needs, we provide well-equipped business and meeting facilities.

Recreation and Wellness : Indulge in a refreshing dip in our swimming pool or experience ultimate relaxation with our traditional and international spa services.

Exploration : We provide day tour services to help you discover the historical wonders of Bagan.

Guest Services : Our comprehensive guest services include concierge assistance, dry cleaning/laundry service, and additional support to ensure a seamless experience.

Accessibility:

The resort is approximately an 11-minutes drive from Nyaung-U Airport, which is about 7-8 km away. The resort can also assist with transportation, including car and bicycle rentals, allowing you to explore the surrounding area at your leisure.

Amata Garden Resort (ပုဂံ) သည် မြန်မာနိုင်ငံ၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ရှိ ရှေ့ဟောင်းမြို့တော် ဖြစ်သော ပုဂံမြို့ဟောင်းတွင် အေးချမ်းသာယာပြီး၊ သက်သောင့်သက်သာရှိသော၊ တည်ခိုနေထိုင်နိုင်သော ဝန်ဆောင်မှုကိုပေးလျှက်ရှိပါသည်။ ပုဂံမြို့သစ် (ဖွားစောရွာကွင်းအပိုင်)ရှိ စိမ်းလန်းစိုပြေသော၊ ၆.၉ဧက ကျယ်ဝန်း သည့် ဥယျာဉ်အတွင်း တည်ရှိပြီး၊ သဘာဝအလှတရား များဖြင့် ဝန်းရံထားသည့် အပန်းဖြေစရာ နေရာတစ်ခုကို ပေးစွမ်းသလို၊ နာမည်ကျော် ပုဂံဘုရား၊ ပုထိုး၊ ကျောင်း များသို့လည်း လွယ်ကူစွာ သွားရောက် လည်ပတ်နိုင်ပါသည်။ ဟိုတယ်ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဧည့်သည်များအတွက် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းတွင် ခမ်းနားစွာ ဒီဇိုင်းထုတ်ထားသော Deluxe Rooms ၁၂၂ ခန်းပါဝင်ပြီး၊ တစ်ခန်းချင်းစီတိုင်းသည် သက်သောင့်သက်သာနှင့် စိတ်အပန်းပြေစေသော ပတ်ဝန်းကျင်ကို ပေးပါသည်။ ဤအခန်းများတွင် သီးသန့်လသာဆောင်များ ပါရှိပြီး၊ ဥယျာဉ်မြင်ကွင်းများကို ခံစားနိုင်မည်ဖြစ်ကာ၊ အခန်းတွင်းအဆင်သင့် ပစ္စည်းများလည်း ပြည့်စုံစွာ ထည့်သွင်းထားပါသည်။ ဟိုတယ်၏အပေါ်ထပ်နှင့်အောက်ထပ် အခန်းများအားလုံး တွင် သီးသန့်လသာဆောင် များ ပါရှိပြီး၊ အပြင်ဘက်ဥယျာဉ်မြင်ကွင်းကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပါသည်။

ဧည့်ဝန်ဆောင်မှုများ

ဧည့်သည်များ၏တည်ခိုနေထိုင်မှုကို ပိုမိုကောင်းမွန်စေရန်အတွက် ပြီးပြည့်စုံသော ပံပိုးမှုဝန်ဆောင်မှု များရှိအောင် ဆောင်ရွက်ထားရှိပါသည်။

စားသောက်ဆိုင်နှင့် ဘား – ဧည့်သည်များသည် ကျွန်ုပ်တို့၏ ဟိုတယ်အတွင်းရှိ စားသောက်ဆိုင်နှင့် ဘားတွင် အရသာရှိသော အစားအစာများကို သုံးဆောင်နိုင်ပါသည်။ ထို့ပြင် ရေကူးကန်ဘေးရှိ ဘားအပြင်ဘက်၌ ရှိသော ထိုင်ခုံများ၌ အနားယူနိုင်ပြီး၊ ပေါ့ပါးသော အဆာပြေများနှင့်အဖျော်ယမကာမျိုးစုံကို မြည်းစမ်းရင်း အပန်းဖြေနိုင်ပါသည်။

စီးပွါးရေးဆိုင်ရာ နှင့် အစည်းဝေးဝန်ဆောင်မှုများ – လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ အတွက် သေချာစွာ ပြင်ဆင်ထားသည့် စီးပွားရေးစင်တာ နှင့် အစည်းအဝေးခန်းမများ ရှိပါသည်။

အပန်းဖြေခြင်းနှင့် ကျန်းမာရေး – ကျွန်ုပ်တို့၏ ရေကူးကန်တွင် လန်းဆန်းစွာ ရေကူးနိုင်ပြီး သို့မဟုတ် ကျွန်ုပ်တို့၏ ရိုးရာနှင့် နိုင်ငံတကာ spa ဝန်ဆောင်မှုများဖြင့် အပန်းဖြေမှုကို ခံစားနိုင်ပါသည်။

လေ့လာရေး – ပုဂံမြို့၏ ရှေးဟောင်းသမိုင်းဝင်နေရာများအား သွားရောက်လေ့လာနိုင်ရေးအတွက်နှင့် သမိုင်းဝင် အံ့ဖွယ်များကို ရှာဖွေတွေ့ရှိနိုင်ရန် နေ့ချင်းပြန် ခရီးစဉ်များကို ကျွန်ုပ်တို့ စီစဉ်ပေးပါသည်။

ဧည့်သည်ဝန်ဆောင်မှုများ – ကျွန်ုပ်တို့၏ ပြည့်စုံသော ဧည့်ဝန်ဆောင်မှုများ တွင် Concierge ဝန်ဆောင်မှု များ၊ အဝတ်လျှော်၊ မီးပူတိုက်ခြင်းဝန်ဆောင်မှုများအပါဝင် အခြားသော ဧည့်သည်ဝန်ဆောင်မှုများ ကို ပံ့ပိုးပေးထားပါသည်။

သွားရောက်နိုင်သောနည်းလမ်းများ

Amata Garden Resort (ပုဂံ) သည် ညောင်ဦးလေဆိပ်မှ ကားဖြင့် ၁၁ မိနစ်ခန့် မောင်းနှင်ရပြီး ၇-၈ ကီလိုမီတာခန့် ကွာဝေးပါသည်။ ဧည့်သည်များအနေဖြင့် ပတ်ဝန်းကျင်အား စိတ်ကြိုက် လွတ်လပ်စွာ လေ့လာနိုင်ရေးအတွက် ကားနှင့်စက်ဘီးငှားရမ်းခြင်းဝန်ဆောင်မှုများကိုလည်း ဟိုတယ်အနေဖြင့် ကူညီ ဆောင်ရွက်ပေးပါသည်။



Amata Resort & Spa, Andaman

Amata Resort & Spa, Andaman is the Five Star Luxury Island Resort on "Poni" Island covering an area of 100 acres, located in Andaman Sea, (Mergui Archipelago), Kawthaung District, Tanintharyi Region Myanmar. In 40 nautical miles from KawThaung City, it can be reached in about one and a half hour with speed boat. It is the private island resort with 14 ultimate Villas which capture nature's beauty with green tropical forest, white sand beach and sapphire seas.

Offering below activities,

- Accommodations & Amenities.
- On-Resort Transportation.
- Sea view restaurant, with a local oriented seafood menus.
- Sea view Bar with full beverage lists.
- Swimming pool surrounded by sun loungers.
- A perfect pace for a few early sunrise mornings or sunset evenings with your loved ones.
- Kayaking in the untouched waters of Andaman.
- Paddling boarding in the salt water blue sea.
- Tracking on the island.

Amata Resort & Spa, Andaman သည် ဖိုးနီကျွန်းပေါ်ရှိ ကြယ်ငါးပွင့် အပန်းဖြေစခန်း တစ်ခုဖြစ်ပြီး ဧက ၁၀၀ ကျယ်ဝန်း၍ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် မြိတ်ကျွန်းစုရှိ ဖိုးနီကျွန်းပေါ်တွင် တည်ရှိပါတယ်။ အချိန်တစ်နာရီခွဲခန့် အတွင်းမှာ ကော့သောင်းမြို့ ရဲ့ ရေမိုင် ၄၀ အကွာမှာရှိတဲ့ ကျွန်ုပ်တို့ရဲ့အပန်းဖြေနားခိုရာ ဖိုးနီကျွန်းပေါ်ကို Speed Boat ဖြင့် ရောက်ရှိနိုင်ပါတယ်။ ဒီ Amata Resort & Spa, Andaman (Poni Island) မှာ စိမ်းလန်းတဲ့ အပူပိုင်းသစ်တောတွေ၊ သဲဖြူသောင်ပြင်တွေနှင့် ကျယ်ပြောလှတဲ့ ပင်လယ်ရေပြာပြာနှင့်အတူ သဘာဝရဲ့အလှကို ကျွန်ုပ်တို့ရဲ့ ထူးခြားလှတဲ့ ဗီလာ ၁၄ ခုကနေ ခံစားနိုင်မှာဖြစ်ပါတယ်။

အခြားပါဝင်သောဝန်ဆောင်မှုများမှာ

- အခန်းတွင်း အသုံးအဆောင်နှင့် ၂၄ နာရီ အခန်းဝန်ဆောင်မှု၊
- Speed Boat ဖြင့် အကြိုအပို့ ဝန်ဆောင်မှု၊
- Andaman ပင်လယ်ရဲ့ အလှအပကို ခံစားရင်း ဧည့်သည်များ စားသောက်ဖွယ်ရာများကို သုံးဆောင်နိုင်ရန် ဖန်တီးပေးမည့် စားသောက်ဆိုင်၊
- အဖျော်ယမကာ အစုံအလင်ရရှိနိုင်မည့် Sea view Bar ၊
- ပင်လယ်ကြီးရဲ့အလှကို ခံစားနိုင်မည့် ရေကူးကန်နှင့်အတူ နေဆာလှုံရန်ခုံတန်းများ၊
- သင့်ချစ်ရသူနှင့် နံနက်ခင်း နေထွက်ချိန် (သို့မဟုတ်) ညနေခင်း နေဝင်ချိန်တွေမှာလည်း သဘာဝအလှကို အပြည့်အဝခံစားဖို့ အကောင်းဆုံးနေရာ၊
- မြိတ်ကျွန်းစုရဲ့ ပြာလဲ့တဲ့ ပင်လယ်ရေပြင်မှာ ကရက်လှေဖြင့် လှေစီးခြင်း၊ Paddling Board ဖြင့်လှော်ခတ်ခြင်း၊
- ကျွန်းအတွင်း ခြေလျင်ခရီးသွားလာနိုင်ခြင်း။



My Bagan Residence" by Amata is located in the historical city of Nyaung U Township, Mandalay Division, Myanmar and conveniently situated 16 minutes away from the Nyaung-U Airport. "My Bagan Residence" by Amata, which is a one-stop establishment in Bagan providing dining, shopping and spa services was established together with "Amata Boutique House, Bagan" which started operations in 2011. "My Bagan Residence" by Amata is a 32 rooms hotel set in a garden compound with the ambience of a private home.

Other facilities, including,

- Restaurant outlets and bar outlets.
- Fine dining restaurants are able to select from cuisines ranging from European, Chinese, Thai and Myanmar.
- Able to enjoy a dining experience in the garden coupled with our nightly cultural shows staged in front of rows of ancient spot-lit Bagan temples.
- Meeting and seminar rooms.
- Swimming pools.
- Both traditional specialized international styles Spa.
- Service for a day tour around the historical city.
- Able to buy from the souvenir shop "My Bagan" for a wide range of local handcrafted products.
- Various guest services such as room service, limousine, outdoor tour, laundry, telephone etc.

My Bagan Residence by Amata သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုမြေတွင် တည်ရှိပြီး ညောင်ဦးလေဆိပ်မှ ၁၆ မိနစ်အကြာ ကားဖြင့် ရောက်ရှိနိုင်ပါတယ်။ My Bagan Residence by Amata ကို စားသောက်ဆိုင်၊ စျေးဝယ်ရန်နေရာ နှင့် Spa များအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးအပ်နိုင်ရန် ရည်ရွယ်၍ ၂၀၁၁ ခုနှစ်ကတည်းက ထူထောင်ထားပြီးဖြစ်သော Amata Boutique House (ပုဂံ) နှင့်အတူ ပူးတွဲတည်ထောင်ထားခြင်းဖြစ်ပါသည်။ My Bagan Residence by Amata တွင် ဥယျာဉ် ခြံမြေထဲ၌ ကိုယ်ပိုင်သီးသန့်အိမ်လေးပုံစံဖြင့် အပြင်အဆင် အခန်းပေါင်း ၃၂ ခန်း ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

အခြားပါဝင်သောဝန်ဆောင်မှုများမှာ

- ဧည့်သည်များ စားသောက်ဖွယ်ရာများကို သုံးဆောင်နိုင်ရန် ဖန်တီးပေးမည့် စားသောက်ဆိုင်၊
- ဧည့်သည်များအနေဖြင့် ဥရောပအစားအစာ၊ တရုတ်အစားအစာ၊ ထိုင်းအစားအစာ၊ နှင့် မြန်မာအစားအစာများကို စုံလင်စွာ ရွေးချယ်နိုင်မည့် စားသောက်ဆိုင်၊
- ညစာသုံးဆောင်ရင်း ရှေးဟောင်း ပုဂံဘုရားများရှေ့တွင် ညစဉ်ပြုလုပ်တဲ့ ယဉ်ကျေးမှုပြပွဲ Cultural Show ကို ခံစားနိုင်မည့် အတွေ့အကြုံ၊
- အစည်းအဝေး နှင့် ဆွေးနွေးပွဲ အခန်းများ၊
- ရေကူးကန်၊
- ရိုးရာအနှိပ်ပညာအထူးပြုထားသော Spa နှင့် နိုင်ငံတကာ အနှိပ်နည်းပညာပုံစံ Spa ၊
- သမိုင်းဝင်အမှတ်တရ ပုဂံမြို့ကို လည်ပတ်နိုင်မည့်ခရီးစဉ် ဝန်ဆောင်မှု၊
- ပုဂံရိုးရာလက်မှုပစ္စည်းများကို ဝယ်ယူနိုင်မည့် My Bagan လက်ဆောင်ပစ္စည်း အရောင်းဆိုင်၊
- ကားအငှားဝန်ဆောင်မှုများ၊ ဒေသတွင်းလည်ပတ်ရန်အတွက် ဝန်ဆောင်မှုများ၊ အဝတ်လျှော် ဝန်ဆောင်မှုများ၊ တယ်လီဖုန်းနှင့် အခြားသော ဝန်ဆောင်မှုများ။



Oriental Ballooning was founded in 2013 and is a syndicate of leading professionals from the hotel and tourism industry. It is operated with brand new balloons from Cameron Balloons, Bristol UK, which is the world's largest balloon manufacturer. All pilots have a commercial UK balloon license and many years of flying experience.

Oriental Ballooning obtained its AOC (Air Operators Certificate) in November 2013 and has been offering flights in their boutique 4-12 passengers balloons.Take to the skies of Bagan in our small, exclusive balloons and experience the true flavour of this astonishing country from a different perspective. Feel at ease in our traditional wicker basket compartments, which you will share with only one or two other people. "Oriental Ballooning" offers a private chartered & premium service with 15 hot air balloons over Bagan, Mandalay, Inle Lake and Ngapali Beach.

Our services:

- Pick up & drop off to & from hotel / launching site.
- Full Safety Briefing and viewing of pre-launch inflation from a dedicated viewing area.
- Light morning snacks & coffee/tea.
- Experiencing balloon flight with International license holding pilots.
- Sparkling wine and fresh fruit reception after landing.
- Presentation of personal flight certificate.
- In-flight photo service.

Oriental အမှတ်တံဆိပ် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူများ စုဖွဲ့ကာ စတင်တည်ထောင်ခဲ့ပါတယ်။ ဝန်ဆောင်မှုပေးသည့်မီးပုံပျံများကို ကမ္ဘာ့အကြီးဆုံးလူစီးမီးပုံးပျံ ထုတ်လုပ်သည့်လုပ်ငန်းဖြစ်သည့် Cameron Balloons, Bristol UK မှ ထုတ်လုပ်သော မီးပုံးပျံအသစ်များ အသုံးပြု၍ အတွေ့အကြုံရင့်ကျက်၍ မောင်းနှင်ခွင့်ပြုလက်မှတ် ရရှိထားသော နိုင်ငံတကာမှ ကျွမ်းကျင်သော Balloons Pilot များဖြင့် ပျံသန်းဝန်ဆောင်မှုပေးနေပါတယ်။ Oriental Ballooning သည် AOC – Air Operators Certificate ကိုလည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ရရှိခဲ့ပြီး ၄ယောက်စီး၊ ၁၂ ယောက်စီး မီးပုံးပျံ ပျံသန်းမှုကို စတင် ဝန်ဆောင်မှုပေးခဲ့ပါတယ်။

ကျွန်ုပ်တို့ရဲ့ မီးပုံးပျံစီးရင်း ပုဂံမြို့၏ ကောင်းကင်ယံကို ပျံသန်းပြီး မတူကွဲပြားသော ရှုထောင့်ကနေ အံ့သြဖွယ် ရှုခင်းအလှအပတွေကို ခံစားနိုင်ရန် မီးပုံးပျံ ခြင်းအကန့်တစ်ခုစီမှာ လူတစ်ယောက် (သို့) နှစ်ယောက်သာ မျှဝေစီးနင်းခွင့်ပေးထားပြီး သက်တောင့်သက်သာဖြင့် လိုက်ပါစီးနင်းနိုင်မှာ အမှန်ပါပဲ။ Oriental Ballooning သည် ပုဂံ၊ မန္တလေး၊ အင်းလေးကန်ဒေသနှင့် ငပလီကမ်းခြေတို့တွင် မီးပုံးပျံ ၁၅ စင်းဖြင့် Private Chartered နှင့် Premium Service ဝန်ဆောင်မှုပေးနေပါတယ်။

ဧည့်သည်ဝန်ဆောင်မှုများ

- ဟိုတယ် အသွား/အပြန် ကြိုပို့ ပြုလုပ်ပေးခြင်း၊
- စီးနင်းသူများအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များအား အကျဉ်းချုပ်မျှဝေပေးခြင်း၊
- မီးပုံးပျံမလွှတ်တင်ခင် ပြင်ဆင်မှုများကို ကြည့်ရှုခွင့်ရနိုင်ခြင်း၊
- မနက်ခင်း အဆာပြေ ကော်ဖီ/လက်ဖက်ရည်၊
- နိုင်ငံတကာ လိုင်စင်ကိုင်ဆောင်ထားသော Balloon Pilot များနဲ့အတူ မီးပုံးပျံစီးနင်းရခြင်း၊
- ဆင်းသက်ပြီးနောက် စပါကလင်ဝိုင်နှင့် လတ်ဆတ်သော သစ်သီးများကို ဧည့်ခံပေးခြင်း၊
- မီးပုံးပျံစီးနင်းပြီးကြောင်း Certificate ပေးအပ်ခြင်း၊
- မီးပုံးပျံစီးနင်းစဉ် ဓာတ်ပုံဝန်ဆောင်မှုပါရှိခြင်း။

Company's Social

And Environmental Impact



CSR Activities











CSR Activities










Corporate Governance Structure



Corporate Governance Structure



Composition of the Board Committees

NAME	LAST BOARD RE-ELECTION	BOARD	AUDIT COMMITTEE	NOMINATING COMMITTEE	REMUNERATION COMMITTEE
U WIN AUNG	22-JULY-2024	*		**	**
U KYAW PAING	29-DEC-2021	**		*	*
DAW THETA AYE	26-JULY-2023	**	*		
DAW NAY MYAT THU AUNG	26-JULY-2023	**	**	**	**
DAW NILAR WIN	26-JULY-2023	**			**
DAW THAN THAN AUNG	22-JULY-2024	**		**	
DAW KHIN SU SU HAN	22-JULY-2024	**	**		

* = CHAIRMAN ** = MEMBER

COMPOSITION OF THE BOARD COMMITTEES

Board Meetings And Attendance

(April 2024 – March 2025)

	NUMBER & PERCENTAGE OF BOARD MEETING	NUMBER & PERCENTAGE OF AUDIT COMMITTEE MEETING	NUMBER & PERCENTAGE OF REMUNERATION COMMITTEE MEETING	NUMBER & PERCENTAGE OF NOMINATING COMMITTEE MEETING	NUMBER & PERCENTAGE OF SIXTH ANNUAL GENERAL MEETING
TOTAL NUMBER OF MEETING HELD	6	4	3	3	1
DIRECTORS					
U WIN AUNG	6 (100%)	NA	3 (100%)	3 (100%)	1 (100%)
DAW NAY MYAT THU AUNG	6 (100%)	4 (100%)	3 (100%)	3 (100%)	1 (100%)
DAW NILAR WIN	6 (100%)	NA	3 (100%)	NA	1 (100%)
DAW THAN THAN AUNG	6 (100%)	NA	NA	3 (100%)	1 (100%)
DAW KHIN SU SU HAN	6 (100%)	4 (100%)	NA	NA	1 (100%)
INDEPENDENT DIRECTORS					
U KYAW PAING	6 (100%)	NA	3 (100%)	3 (100%)	1(100%)
DAW THETA AYE	6 (100%)	4 (100%)	NA	NA	1(100%)

ALL BOARD MEMBERS ARE WAIVED THEIR FEES IN THIS FINANCIAL YEAR.

Corporate Information

BOARD OF DIRECTORS

U WIN AUNG
CHAIRMAN

DAW NAY MYAT THU AUNG
NON-EXECUTIVE DIRECTOR

DAW NILAR WIN
EXECUTIVE DIRECTOR

DAW THAN THAN AUNG
NON-EXECUTIVE DIRECTOR

DAW KHIN SU SU HAN
NON-EXECUTIVE DIRECTOR

U KYAW PAING
INDEPENDENT DIRECTOR

DAW THETA AYE
INDEPENDENT DIRECTOR

REGISTERED OFFICE

Rm (11-11), Tower C1, Shwehinthar Condo, No.51, Shwehinthar St,
11 Qtr, Hlaing Tsp, Yangon.
Tel : +95 9 899 044 077, 088
Email: info@amataholding.com
Website: www.amataholding.com

INDEPENDENT AUDITOR

KHIN SU HTAY & ASSOCIATES LIMITED

CERTIFIED PUBLIC ACCOUNTANTS
COMPANY REGISTERATION NUMBER-100124548
C1/005, Ground Floor, Hninnsi Street, Yuzana Highway Complex,
Narnat Taw Road, Kamayut Township, Yangon, Myanmar.

AUDIT COMMITTEE

DAW THETA AYE
CHAIRMAN

DAW NAY MYAT THU AUNG
MEMBER

DAW KHIN SU SU HAN
MEMBER

NOMINATING COMMITTEE

U KYAW PAING
CHAIRMAN

U WIN AUNG
MEMBER

DAW NAY MYAT THU AUNG
MEMBER

DAW THAN THAN AUNG
MEMBER

REMUNERATION COMMITTEE

U KYAW PAING
CHAIRMAN

U WIN AUNG
MEMBER

DAW NAY MYAT THU AUNG
MEMBER

DAW NILAR WIN
MEMBER

COMPANY REGISTRATION NUMBER

No. 100456125

Amata Holding Public Co.,Ltd
Shareholding List

BOD'S SHAREHOLDING STATUS*

NAME	SHAREHOLDINGS REGISTERED IN NAME OF DIRECTORS
U WIN AUNG	4,360,000
DAW NILAR WIN	400,200
DAW NAY MYAT THU AUNG	400,000
DAW KHIN SU SU HAN	400,000
DAW THAN THAN AUNG	386,500

MANAGEMENT'S SHAREHOLDING STATUS*

NAME	POSTITION	SHAREHOLDINGS REGISTERED IN NAME OF MANAGEMENT
DAW NILAR WIN	DIRECTOR OF ADMINISTRATION	400,200
DAW LWIN LWIN PYONE	DIRECTOR OF OPERATION	100
DAW HSU LIN NAING	CHIEF FINANCIAL OFFICER	100
DAW HNIN HNIN THET	COMPLIANCE OFFICER	20

TOP TEN SHAREHOLDING LIST*

NAME	NO. OF SHARES	PERCENTAGE OF OUTSTANDING SHARES
U WIN AUNG	4,360,000	41.53
AMATA INTERNATIONAL CO., LTD.	3,960,000	37.72
DAW NILAR WIN	400,200	3.81
DAW NAY MYAT THU AUNG	400,000	3.81
DAW KHIN SU SU HAN	400,000	3.81
DAW THAN THAN AUNG	386,500	3.68
DAW THUNN NADI WIN AUNG	265,200	2.53
DAW THIRI KHAING (OR) GILLIAN JOHNSTONE	41,650	0.40
U NYUNT WIN TUN	40,000	0.38
U THANT ZAW WIN	35,724	0.34

*THESE FIGURES ARE UPDATED ON 30TH MAY 2025 (RECORD DATE)

ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ချက်များ

၂၀၂၅ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အရ ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီနာမည်	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၏ ဆက်နွယ်မှုအကြောင်း	မဲပေးပိုင်ခွင့် အချိုးအစား	ပတ်သက်ဆက်နွယ်နေသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် ဆက်စပ်လုပ်ကိုင်နေသည့် လုပ်ငန်း အကျဉ်းချုပ်	လုပ်ငန်းအကြောင်းအရာများ၊ လိုက်နာရမည့် စည်းကမ်းများ၊ လိုက်နာရမည့် စည်းကမ်းများကို ချမှတ်သည့် မူဝါဒ	လုပ်ငန်းတန်ဖိုး ပမာဏ (ကျပ်ထောင်ပေါင်း)	အကြောင်းအရာ	ဘဏ္ဍာရေးနှစ် အကုန်ရှိ လက်ကျန်ငွေ (ကျပ်ထောင်ပေါင်း)
ဦးဝင်းအောင်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ(ဥက္ကဋ္ဌ)၊ UIG ၏ ဒါရိုက်တာ၊ MB၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာ	ကုမ္ပဏီ၏ ၄၁.၅၃% MB၏ ၃၀%	(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ရက်နေ့အရ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် အဆုံးတွင်ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (ဦးဝင်းအောင်)သို့ UIG မှ ပေးချေရမည့် ပမာဏ	ပေးရန်ကျန်ရှိနေမှုများ	၂,၁၄၄,၄၃၃	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပေးရန်ကျန်ရှိနေသေးသောပမာဏ (လက်ငင်းပေးရန် တာဝန်များ)	၃,၅၆၇,၄၆၀
			UIG သည် ဦးဝင်းအောင်ထံမှ လုပ်ငန်းလည်ပတ်ရန် ငွေကြေးရရှိခဲ့ပါသည်။	မပေးချေရသေးသော ပမာဏအား လျာထားမှု (မှတ်ချက် ၁)	၁,၄၂၃,၀၂၇		
			(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ရက်နေ့အရ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် အဆုံးတွင်ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (ဦးဝင်းအောင်)သို့ MB မှ ပေးချေရမည့် ပမာဏ	ပေးရန်ကျန်ရှိနေမှုများ	၄၉,၂၈၅	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပေးရန်ကျန်ရှိနေသေးသောပမာဏ (လက်ငင်းပေးရန် တာဝန်များ)	၅၉,၈၅၈
			MB သည် ဦးဝင်းအောင်ထံမှ လုပ်ငန်းလည်ပတ်ရန် ငွေကြေးရရှိခဲ့ပါသည်။	မပေးချေရသေးသော ပမာဏအား လျာထားမှု (မှတ်ချက် ၂)	၃၀,၅၇၃		
အဝင်္ကဘုံးလ်(လ်)ဒင်း ကုမ္ပဏီလီမိတက်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာဖြစ်သော ဦးဝင်းအောင် နှင့် ၎င်း၏ဇနီး ဒေါ်နေမြတ်သူအောင်တို့က ၅၉.၁% ထိန်းချုပ်ထားပါသည်။	-	(၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ရက်နေ့ အရ) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် အဆုံးတွင် UIG သို့ အဝင်္ကဘုံ မှ ပေးချေရမည့် ပမာဏ	ရရန်ကျန်ရှိနေမှုများ	၃၉,၇၆၉	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံမှ ရရန်ကျန်ရှိနေသေးသောပမာဏ (လက်ငင်းရပိုင်ခွင့်များ)	၂၀,၃၈၃
			UIG သည် အဝင်္ကဘုံ ကို ၎င်း၏ စီးပွားရေးလုပ်ငန်းအတွက် ငွေထုတ်ချေးခဲ့ပါသည်။	ချေးငွေပြန်လည်ရရှိမှု (မှတ်ချက် ၃)	-၁၉,၃၈၆		
အမတ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်	ကုမ္ပဏီ၏ ရှယ်ယာရှင်နှင့် ဒါရိုက်တာဖြစ်သော ဦးဝင်းအောင် နှင့် ၎င်း၏ဇနီး ဒေါ်နေမြတ်သူအောင်တို့က ၁၀၀% ထိန်းချုပ်ထားပါသည်။	ကုမ္ပဏီ၏ ၃၇.၅၂%	(၂၀၂၄ခုနှစ်၊ ဧပြီလ ၁ရက်နေ့အရ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် အဆုံးတွင်ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်း (AIC)သို့ UIGမှ ပေးချေရမည့် ပမာဏ	ပေးရန်ကျန်ရှိနေမှုများ	၈၆, ၂၅၃	ပတ်သက်ဆက်နွယ်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံသို့ ပေးရန်ကျန်ရှိနေသေးသောပမာဏ (လက်ငင်းပေးရန် တာဝန်များ)	၁၀၃,၉၂၀
			UIGသည် AICထံမှ ဟိုတယ်မြေကို ငှားရမ်းခဲ့ပါသည်။	မပေးချေရသေးသော ငှားရမ်းခအား လျာထားမှု (မှတ်ချက် ၄)	၁၇,၆၆၇		

ယူနိုက်တက် အင်တာနေရှင်နယ် ဂရု(ပ်) လီမိတက် (UIG) ၊ မြန်မာဘလွန်းနင်း ကုမ္ပဏီ လီမိတက် (MB) ၊ အမတ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် (AIC)၊ အဝင်္ကဘုံ ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက် (Awinka)

(မှတ်ချက် ၁) UIG သည် ယခုဘဏ္ဍာရေးနှစ်တွင် ဟိုတယ်လုပ်ငန်း လည်ပတ်နိုင်ရန် ငွေကြေးကို ဦးဝင်းအောင်ထံမှ ရရှိထားခြင်းဖြစ်ပါသည်။ ဦးဝင်းအောင်ထံမှ ငွေကြေးရရှိမှုနှင့် ပက်သက်၍ အတိုးနှုန်းများ သတ်မှတ်ခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန်ကာလကဲ့သို့သော ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းများကိုလည်း ချမှတ်ထားခြင်း မရှိပါ။ ကုမ္ပဏီအနေဖြင့် မည်သည့်အပေါင်ပစ္စည်းကိုမျှ ပေးအပ်ထားခြင်းမရှိပါ။

(မှတ်ချက် ၂) MB သည် ယခုဘဏ္ဍာရေးနှစ်တွင် လူစီးမီးပုံးပျံလုပ်ငန်း လည်ပတ်နိုင်ရန် ငွေကြေးကို ဦးဝင်းအောင်ထံမှ ရရှိထားခြင်းဖြစ်ပါသည်။ ဦးဝင်းအောင်ထံမှ ငွေကြေးရရှိမှုနှင့် ပက်သက်၍ အတိုးနှုန်းများ သတ်မှတ်ခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန်ကာလကဲ့သို့သော ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းများကိုလည်း ချမှတ်ထားခြင်း မရှိပါ။ ကုမ္ပဏီအနေဖြင့် မည်သည့်အပေါင်ပစ္စည်းကိုမျှ ပေးအပ်ထားခြင်းမရှိပါ။

(မှတ်ချက် ၃) UIG သည် Awinka အား ချေးငွေပေးအပ်ခဲ့ပြီး၊ အဆိုပါ ပမာဏထဲမှ အချို့ကို ပြန်လည်ရရှိခဲ့ပါသည်။ ချေးငွေနှင့် စပ်လျဉ်း၍ အတိုးနှုန်းများ သက်မှတ်ထားခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန် ကာလကဲ့သို့သော ချေးငွေပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများကိုလည်း ချမှတ်ထားခြင်းမရှိပါ။ ကုမ္ပဏီအနေဖြင့် ဤချေးငွေအတွက် မည်သည့်အပေါင်ပစ္စည်းကိုမျှ လက်ခံသိမ်းဆည်းထားခြင်း မရှိပါ။

(မှတ်ချက် ၄) AIC ထံမှ မြေငှားရမ်းမှုနှင့် စပ်လျဉ်း၍ ငှားရမ်းခသည် သက်ဆိုင်သည့် မြေ၏ အနီးပတ်ဝန်းကျင်ရှိ ဆင်တူသော လုပ်ဆောင်မှုများအပေါ် မူတည်၍ လက်ရှိဈေးကွက်ပေါက်ဈေးအတိုင်း သတ်မှတ်ထားပါသည်။ ပေးဆပ်ရန်ကာလကို သတ်မှတ်ထားခြင်း မရှိသည့်အတွက် UIG သည် ငှားရမ်းခကို ကာလအပိုင်းအခြားအလိုက် ပေးအပ်နေခြင်းမဟုတ်ပါ။ မပေးအပ်ရသေးသော ငှားရမ်းခပမာဏကို ပေးရန်ရှိအဖြစ် စာရင်းရေးသွင်းထားပါသည်။

MATERIAL TRANSACTIONS WITH RELATED PARTIES

AS OF 31 MARCH 2025, THE TRANSACTIONS WITH RELATED PARTIES ARE AS FOLLOWS.

Name or company name of related party	Attributes of related party	Voting right ratio	Outline of trade with related party	Contents of trading, terms and conditions, policy to determine terms and conditions	Trading amount (MMK'000)	Item	Balance at the end of FY (MMK'000)
U Win Aung	Shareholder and director (Chairman) of the Company; director of UIG; and shareholder and director of MB	41.53% of the Company; 30% of MB	Payment of amount to be made to related party (U Win Aung) by UIG at the end of previous FY (as at 01 April 2024)	Outstanding payables	2,144,433	Amount due to related parties (Current liabilities)	3,567,460
			UIG advanced funds received from U Win Aung for hotel operation expenses.	Accrual of unpaid amount (Note 1)	1,423,027		
			Payment of amount to be made to related party (U Win Aung) by MB at the end of previous FY (as at 01 April 2024)	Outstanding payables	49,285	Amount due to related parties (Current liabilities)	79,858
			MB advance funds received from U Win Aung for balloon operation expenses.	Accrual of unpaid amount (Note 2)	30,573		
Awinka Holding Company Limited	Controlled 59.1% by U Win Aung, who is a shareholder and director of the Company, and his spouse Daw Nay Myat Thu Aung	-	UIG provided loan to Awinka for its business at the end of previous FY (as at 01 April 2024)	Outstanding receivables	39,769	Amount due from related parties (Current Assets)	20,383
			UIG provided loan to Awinka for its business	Received of loan (Note 3)	(19,386)		
Amata International Company Limited	Controlled 100% by U Win Aung, who is a shareholder and director of the Company, and his spouse Daw Nay Myat Thu Aung	37.72% of the Company	Payment of amount to be made to related party (AIC) by UIG at the end of previous FY (as at 01 April 2024)	Outstanding payables	86,253	Amount due to related parties (Current Liabilities)	103,920
			UIG leased hotel land from AIC	Accrual of unpaid rental fee (Note 4)	17,667		

United International Group Limited (UIG) , Myanmar Ballooning Company Limited (MB), Amata International Company Limited (AIC) Awinka Holding Company Limited (Awinka)

(Note 1) Funds were provided by U Win Aung to finance the hotel business operations of UIG during this financial year. Regarding the funds received from U Win Aung, the funds were non-interest bearing, and no repayment terms (such as a repayment period) were stipulated. The Company did not secure any collateral for this fund.

(Note 2) Funds were was provided by U Win Aung to finance the balloon business operations of MB during this financial year. Regarding the funds received from U Win Aung, the funds were non-interest bearing, and no repayment terms (such as a repayment period) were stipulated. The Company did not secure any collateral for this fund.

(Note 3) UIG provided a loan to Awinka, part of which has been received. Regarding this loan, it was non-interest bearing, and no repayment terms (such as a repayment period) were stipulated. The Company did not secure any collateral for this fund.

(Note 4) Regarding the rental of land from AIC, the rental fee was set based on prevailing market prices for similar transactions in the vicinity of the relevant property. UIG has not periodically paid the rental fee as the payment period has not been determined and the amount corresponding to the unpaid rental fee has been recorded as a payable.

Financial

(1st April 2024 – 31st March 2025)



ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ") ၏ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်မှ သုံးသပ်ပြီးသော ပေါင်းစည်းရေးဆွဲထားသည့် ဘဏ္ဍာရေး ရှင်းတမ်းများ အပေါ် အခြေခံထားသည့် သုံးသပ်ထုတ်ပြန်ကြေညာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေး ရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ ဖတ်ရှုသင့်ပါသည်။ အခြားငွေကြေးအနေဖြင့် သီးခြားဖော်ပြထားခြင်း မရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြထားပါသည်။

၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်များအတွက် ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ လုပ်ဆောင်ချက် များကို အောက်တွင် ဖော်ပြထားပါသည်။

(ကျပ်'၀၀၀)	**၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက် - ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်**	**၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက် - ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်**	**ပြောင်းလဲမှု ရာခိုင်နှုန်းများ**
ဝင်ငွေ			
အခန်းငှားရမ်းခြင်း	၂၇၂,၁၈၄	၁,၃၈၂,၇၄၅	**-၈၀%**
လူစီးမီးပုံးပျံဝန်ဆောင်မှု		၄၂၁,၆၂၁	**-၁၀၀%**
အစားအသောက်နှင့်အဖျော်ယမကာ	၁၃၈,၁၅၅	၆၇၁,၆၃၇	**-၇၉%**
အခြားဝင်ငွေ	၂၈,၀၉၅	၁၃၁,၈၆၁	**-၇၉%**
စုစုပေါင်း	**၄၃၈,၄၃၄**	**၂,၆၀၇,၈၆၄**	**-၈၃%**
ရောင်းချမှုအတွက်ကုန်ကျစရိတ်			
စီမံခန့်ခွဲမှုနှင့် အထွေထွေကုန်ကျစရိတ်	၂၁၃,၀၃၄	၉၁၇,၅၈၈	**-၇၇%**
အစားအသောက်နှင့်အဖျော်ယမကာ	၁၄၃,၁၇၉	၅၅၁,၁၅၇	**-၇၄%**
အခြားဝင်ငွေ	၁၂,၆၆၄	၂၂,၂၄၃	**-၄၃%**
စုစုပေါင်း	**၃၆၈,၈၇၇**	**၁,၄၉၀,၉၈၈**	**-၇၅%**
အကြမ်းအမြတ်	**၆၉,၅၅၇**	**၁,၁၁၆,၈၇၆**	**-၉၄%**
အခြားဝင်ငွေ	၁,၆၀၁	၇,၃၉၉	**-၇၈%**
အခြားကုန်ကျစရိတ်	(၁,၃၄၇,၇၄၁)	(၁,၉၀၄,၁၆၉)	**-၂၉%**
နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ အရှုံး/ အမြတ်	၁၄,၂၅၄	(၅၃,၇၃၉)	**-၁၂၇%**
တန်ဖိုးကျခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ	(၁,၃၃၈,၉၂၃)	-	**၁၀၀%**
EBITDA	(၂,၆၀၁,၂၅၂)	(၈၃၃,၆၃၃)	**၂၁၂%**

EBIT	(၃,၈၆၁,၇၀၄)	(၂,၂၃၈,၄၆၅)	၇၃%
အတိုးစရိတ်	(၂,၉၅၅,၉၉၅)	(၂,၉၀၈,၁၁၅)	၂%
အခွန်မလျာထားမီ အသားတင်အရှုံး	(၆,၈၁၇,၆၉၉)	(၅,၁၄၆,၅၈၀)	၃၂%
အခြားဝင်ငွေအလုံးစုံ	(၆,၈၀၅,၈၁၀)	(၅,၁၂၅,၉၃၄)	၃၃%

ကျွန်ုပ်တို့၏ အဓိကဝင်ငွေသည် အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိခြင်း ဖြစ်ပါသည်။ လက်ရှိလုပ်ငန်းအုပ်စုအနေဖြင့် ကြုံတွေ့နေရသော ပြင်ပဖိအားများ၏ သက်ရောက်မှုများကြောင့် လုပ်ငန်းအုပ်စု၏ လုပ်ငန်းခွဲဖြစ်သော လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းအား ၂၀၁၉ ခုနှစ်မှ စတင်၍ အပြည့်အဝ လည်ပတ်နိုင်ခြင်း မရှိသည့် အပြင် ယခုတင်ပြသော ဘဏ္ဍာရေးနှစ်တွင်လည်း လူစီးမီးပုံးပျံ ဝန်ဆောင်မှု လုပ်ငန်းမှာ ပြင်ပအခြေအနေများကြောင့် လုံးဝပျံသန်းနိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် Amata Resort & Spa (ငပလီ) အားလည်း မေလ ၂၀၂၄ ခုနှစ်မှ စတင်၍ လုပ်ငန်းလည်ပတ်မှုအား ခေတ္တခဏ ရပ်ဆိုင်း ထားခဲ့ရပါသည်။ ယင်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သော အစားအသောက်နှင့် အဖျော်ယမကာ၊ အခြား ဝန်ဆောင်မှု လုပ်ငန်းများမှ ဝင်ငွေများ အပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိခဲ့၍ ယခု ဘဏ္ဍာရေးနှစ် တွင် ကုမ္ပဏီ၏ စုစုပေါင်း ဝင်ငွေသည် ၈၃ % လျော့နည်း ခဲ့ပါသည်။

ကုမ္ပဏီ၏ ရောင်းရငွေအတွက် တိုက်ရိုက်ကုန်ကျသည့် စရိတ်သည် ယခင်ဘဏ္ဍာရေးနှစ်တွင် ၇၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အခြားစီမံခန့်ခွဲမှု စရိတ်များဖြစ်သော လုပ်ငန်းလည်ပတ်စရိတ်၊ စီမံရေးရာနှင့်အထွေထွေ ကုန်ကျစရိတ်၊ အရောင်းမြှင့်တင်ရေးဆိုင်ရာ ကုန်ကျစရိတ်များအား စီစစ်သုံးစွဲခဲ့သော်လည်း ကုမ္ပဏီအနေဖြင့် ယခုတင်ပြသော ဘဏ္ဍာရေးနှစ်တွင် အသားတင်အရှုံး မြန်မာကျပ်ငွေ ၆.၈ ဘီလီယံကျော် ဖြစ်ပေါ်ခဲ့ပါသည်။

နိုင်ငံခြားငွေကြေးပြောင်းလဲသတ်မှတ်မှု နှင့် လဲလှယ်မှု အမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)

လုပ်ငန်းအုပ်စုအနေဖြင့် ယခုဘဏ္ဍာရေးစာရင်း ရေးဆွဲဖော်ပြရာတွင် နိုင်ငံခြားငွေဖြင့် ဖော်ပြထားသော ရရန်ရှိ၊ ပေးရန်ရှိများအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲဖော်ပြရာတွင် တွက်ချက်ထားသော နိုင်ငံခြား ငွေလဲနှုန်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ဖြစ်ပြီး၊ ယခင်နှစ်တွင် တွက်ချက်ထားသည့် နှုန်းထားအတိုင်း ဖြစ်သော်လည်း လုပ်ငန်းစု၏ဝင်ငွေအား ပြင်ပ ငွေကြေးလဲလှယ်မှုနှုန်း နှင့် စာရင်းသွင်းဖော်ပြသော ငွေကြေးလဲလှယ်မှုနှုန်းကြားပေါ်ပေါက်လာသော ငွေလဲလှယ်နှုန်းအမြတ် (Exchange Rate Differential-Realized)မှာ ယခုနှစ်တွင် ရရှိခဲ့ပါသည်။

(ကျပ်'၀၀၀) နိုင်ငံခြား ငွေလဲလှယ်မှု ခြားနားချက်များ	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ - အမှန်ပေါ်ပေါက်သော	(၁၁,၅၁၂)	၃၆,၄၈၀	-၁၃၁.၆%
နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ - အမှန်မပေါ်ပေါက်သော	(၂,၇၄၂)	၁၇,၂၅၉	-၁၁၅.၉%
စုစုပေါင်း	(၁၄,၂၅၄)	၅၃,၇၃၉	-၁၂၆.၅%

၂။ ဘဏ္ဍာရေးအခြေအနေ

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ၏ အနှစ်ချုပ်ရှင်းတမ်းကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ်အခြေအနေနှင့် နှိုင်းယှဉ်၍ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ သုံးသပ်ချက်များကို ဖော်ပြအပ်ပါသည်။

လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်း (Property, plant and equipment)များ အဓိက ပါဝင် ပါသည်။ ယခုနှစ်တွင် ပုံသေပိုင်ပစ္စည်းများ ၅.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းမှာ ငပလီတွင်ဖြစ်ပေါ်နေသော အခြေအနေများကြောင့် ပုံသေပိုင်ပစ္စည်းများ တန်ဖိုးလျော့ လျာထားချက်များနှင့် အခြားပုံသေပိုင်ပစ္စည်း အချို့ကို ရောင်းချ၍ အသစ်ပြန်လည် ဝယ်ယူခြင်း၊ ဟိုတယ်နှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သော ပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သော ပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) ကြောင့် ဖြစ်ပါသည်။

(ကျပ်'၀၀၀)	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ	၄၆,၇၃၅,၂၇၃	၄၉,၂၃၁,၂၁၆	-၅.၁%

လက်ငင်းရပိုင်ခွင့်များ (Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့် ငွေသားကဲ့သို့သော အလားတူများ (cash and cash equivalents) များ ပါဝင်သည်။ လက်ငင်း ရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ကို ယခင်ဘဏ္ဍာရေး နှစ်နှင့် နှိုင်းယှဉ်ပါက ၂၈.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယခုနှစ်တွင် ကုန်လက်ကျန်များကို လျော့ချ၍ သိုလှောင်ခြင်း၊ ရရန်ရှိများ အချိန်မီ ရရှိကောက်ခံနိုင်ခြင်းနှင့် ဟိုတယ်လုပ်ငန်းမှ ဝင်ငွေရရှိမှု ကျဆင်း ခဲ့သောကြောင့် လုပ်ငန်းလည်ပတ်စရိတ်များကို ကုမ္ပဏီမှ စိုက်ထုတ်သုံးစွဲရသဖြင့် ငွေသားလက်ကျန် လျော့နည်းသွားခြင်း တို့ကြောင့် ဖြစ်ပါသည်။

(ကျပ်'၀၀၀)	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းရပိုင်ခွင့်များ	၁၉၉,၁၉၂	၂၇၈,၄၀၅	-၂၈.၅%

လက်ငင်းပေးရန်တာဝန်များ (Current Liabilities)

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်း ပေးရန်တာဝန်များ၊ ကြိုတင်အသုံးပြုထားသော စရိတ်များအတွက် ပေးရန်တာဝန်များ၊ ပေးချေရန်ိုင်သော အခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသော စရံငွေ၊ ပတ်သက် ဆက်နွယ်သူများ

ထံသို့ ပေးရန်ရှိများနှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင်နှင့် အခြားအထွေထွေ အရပ်ရပ်များ ပါဝင်ပါသည်။ ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးနှစ်တွင် လက်ငင်းပေးရန် တာဝန်မှာ ၂၉.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ ပတ်သက် ဆက်နွယ်သူများထံသို့ ပေးရန်ရှိများ တိုးလာခြင်း၊ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီတန်ဖိုး မြင့်တက်လာခြင်းနှင့် လုပ်ငန်းလည်ပတ်စရိတ်များ မြင့်တက်လာပြီး ပေးရန်ရှိအချို့ မြင့်တက်လာသော ကြောင့် ဖြစ်ပါသည်။

(ကျပ်'၀၀၀)	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းပေးရန်တာဝန်များ	၃၃,၄၀၁,၁၅၅	၂၅,၈၆၁,၁၂၈	၂၉.၂%

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားကာလရှည် ပေးရန်ရှိတာဝန် များအပြင် ကာလရှည်မြေဌားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များပါဝင်ပါသည်။ ယခုဘဏ္ဍာရေးနှစ်နှင့် ယခင်ဘဏ္ဍာရေးနှစ် နှိုင်းယှဉ်ပါက ၂၈.၈ ရာခိုင်နှုန်း ကျဆင်း ခဲ့ရခြင်းမှာ လာမည့်နှစ်တွင် ပေးဆပ်ရမည့် ကြွေးမြီအရစ်အား စာရင်းရေးဆွဲခြင်းစံအရ လက်ငင်း (ကာလတို) ပေးရန်ရှိတာဝန်သို့ ရွှေ့ပြောင်းဖော်ပြခြင်းကြောင့် ဖြစ်ပါသည်။

(ကျပ်'၀၀၀)	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ	၈,၂၀၄,၆၈၅	၁၁,၅၂၂,၅၂၇	-၂၈.၈%

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာ မတည်ရင်းနှီးငွေ၊ ထိန်းသိမ်း ထားရှိသော အမြတ်ငွေလက်ကျန် (Retained Earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသော အကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ ပါဝင်ပါသည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေး နှစ်တွင် ၅၆.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

(ကျပ်'၀၀၀)	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်	ပြောင်းလဲမှု ရာခိုင်နှုန်းများ
စုစုပေါင်းရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ	၅,၃၂၈,၆၂၅	၁၂,၁၂၅,၉၆၆	-၅၆.၁%

ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

အမတဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (အမတလုပ်ငန်းစု)သည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည့်အားလျော်စွာ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်သည် **ကုမ္ပဏီအတွက်** အထူးပင် ခက်ခဲသော နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ သို့သော် ဥက္ကဋ္ဌ၏ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်း လည်ပတ် ဆောင်ရွက်သည့် အဖွဲ့တို့၏ ယခင်အတွေ့အကြုံများပေါ် အခြေခံ၍ အခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ လုပ်ငန်းကို ဆက်လက် ရပ်တည်နိုင်၍ စိန်ခေါ်မှုများကို ကောင်းမွန်စွာ ရင်ဆိုင်ခဲ့ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း ဖြစ်ပွားခဲ့သော ရာသီဥတုပြောင်းလဲမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက် ပျံ့ပွားမှု၊ မြန်မာနိုင်ငံတွင်းဖြစ်ပွားနေသော ပြောင်းလဲမှုများကြောင့် လုပ်ငန်းအုပ်စု၏ လုပ်ငန်းခွဲဖြစ်သော လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းအား ၂၀၁၉ ခုနှစ်မှ စတင်၍ အပြည့်အဝ လည်ပတ်နိုင်ခြင်း မရှိသည့်အပြင် ယခုနှစ်တွင်လည်း လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းမှာ ပြင်ပအခြေအနေများကြောင့် လုံးဝပျံသန်းနိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် Amata Resort & Spa (ငပလီ) အားလည်း ၂၀၂၄ ခုနှစ်၊ မေလ မှ စတင်၍ လုပ်ငန်း လည်ပတ်မှုအား ခေတ္တခဏ ရပ်ဆိုင်းထားခဲ့ရပါသည်။ ထိုသို့သော အခြေအနေများကြောင့် လုပ်ငန်းအုပ်စု အနေဖြင့် လုပ်ငန်း ရေရှည်ရပ်တည်နိုင်စွမ်းကို ထိန်းသိမ်းနိုင်ရန် ပိုမိုအာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။

လုပ်ငန်းအုပ်စုအနေဖြင့် ဘဏ္ဍာရေးယိုယွင်းမှုကို တားဆီးရန်အတွက် လုပ်ငန်းလည်ပတ်မှု အားနည်းသော နေရာအချို့တွင် လုပ်ငန်းများကို ယာယီရပ်ဆိုင်းရန် ခက်ခဲသော ဆုံးဖြတ်ချက်များကို ချမှတ်ကာ လုပ်ငန်းလည်ပတ်မှု တစ်ခုလုံးကို စေ့စေ့စပ်စပ် ပြန်လည်သုံးသပ်ခဲ့ပါသည်။ စျေးကွက် ပြန်လည် ကောင်းမွန်လာသည့် အခါတွင် အသင့် ဖြစ်နေစေရန် အဓိကပိုင်ဆိုင်မှုများအား ကောင်းမွန်စွာ ထိန်းသိမ်း ထားရှိရေး၊ ငွေသားစီးဆင်းမှုကို ကာကွယ် ထိန်းသိမ်းရေး လုပ်ငန်းများကို အဓိက အာရုံစိုက် စီမံဆောင်ရွက် ခဲ့ပါသည်။

လုပ်ငန်းအုပ်စုအနေဖြင့် လာမည့် ပွင့်လင်းရာသီတွင် လူစီးမီးပုံးပျံ လုပ်ငန်းအား ပုဂံဒေသတွင် ပျံသန်းနိုင်ရန် ကြိုးစားအားထုတ်လျက် ရှိပါသည်။ ပြင်ပဖိအားပေးမှု အခြေအနေများ တည်ငြိမ်ကောင်းမွန် လာပါက ချက်ခြင်း လုပ်ငန်းလည်ပတ်နိုင်ရန် ကြိုးစားပြင်ဆင် ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါသည်။ ကုမ္ပဏီအနေဖြင့် မိမိတို့၏ လုပ်ငန်း အုပ်စုအား ဤအခက်အခဲများကြားတွင် ရေရှည်တည်တံ့နိုင်ရေးနှင့် ပြောင်းလဲမှုနှင့်အညီ လုပ်ငန်းများအားလည်း အကောင်းမွန်ဆုံး လည်ပတ်နိုင်ရန်အတွက် အစီအမံများ ချမှတ်ထားပြီး အစုရှယ်ယာရှင်များ၏ အနာဂတ် အကျိုးစီးပွား အတွက် အကောင်းဆုံးဖြစ်အောင် ဆက်လက် ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား



ဦးဝင်းအောင်

ဥက္ကဋ္ဌ

MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Amata Holding Public Company Limited ("Amata") Consolidated Audited Financial Statements for the financial year ended 31st March 2025 ("FY2024-2025") and should be read in conjunction with those financial statements and related notes thereto. All currency amounts in this MD&A are expressed in Myanmar Kyat unless otherwise specified.

1. Operating Results

The Group's operating performance for the financial year ended 31st March 2025 and the financial year ended 31st March 2024 are shown below.

(Kyat'000)	**01-Apr-24 to 31-Mar-25**	**01-Apr-23 to 31-Mar-24**	**% Change**
Operating Revenue			
Room Sales	272,184	1,382,745	**-80%**
Passenger Income (Balloon)	-	421,621	**-100%**
Food and Beverage	138,155	671,637	**-79%**
Other operating	28,095	131,861	**-79%**
Total	**438,434**	**2,607,864**	**-83%**
Cost of Sales			
Room and Balloon	213,034	917,588	**-77%**
Food and Beverage	143,179	551,157	**-74%**
Other operating	12,664	22,243	**-43%**
Total	**368,877**	**1,490,988**	**-75%**
Gross Profit	**69,557**	**1,116,876**	**-94%**
Other Income	**1,601**	**7,399**	**-78%**
Other Expense	**(1,347,741)**	**(1,904,169)**	**-29%**
Exchange Rate Adjustment	**14,254**	**(53,739)**	**-127%**
Impairment Loss	**(1,338,923)**	**-**	**100%**
EBITDA	**(2,601,252)**	**(833,633)**	**212%**
EBIT	**(3,861,704)**	**(2,238,465)**	**73%**
Interest Expense	(2,955,995)	(2,908,115)	**2%**
(Loss) / Profit before Tax	**(6,817,699)**	**(5,146,580)**	**32%**
Total Comprehensive Income	**(6,805,810)**	**(5,125,934)**	**33%**

The Group's principal revenue comes from resort hotels and hot air balloon service businesses. Due to the impact of external pressures currently faced by the Group, the hot air balloon service business, a subsidiary of the Group, has not been able to operate at full capacity since 2019. Furthermore, in the current fiscal year, the hot air balloon service business was completely unable to operate due to external circumstances. Additionally, Amata Resort & Spa (Ngapali) also had to temporarily suspend its operations starting from May 2024. This has also impacted revenues from related businesses, such as food and beverage and other services, resulting in an 83% decrease in the company's total revenue for the current fiscal year.

As for the total cost of sales, there was a 75% decrease compared to the previous financial year. Although the company carefully managed other expenses such as operating expenses, administrative and general expenses, and sales and marketing expenses, there was still a total comprehensive loss of 6.8 billion Kyat in this reporting financial year.

Foreign Currency Exchange Gain/Loss

In preparing the current financial statements, the Group translated all foreign currency-denominated receivables and payables into Myanmar Kyat using the exchange rates prescribed by the Central Bank of Myanmar. Although the same method was applied in the previous year, a realized exchange gain (Exchange Rate Differential – Realized) arose during the year due to the difference between the exchange rates applied in accounting and the actual rates at which the Group's foreign currency income was received.

(Kyat'000) **Exchange Rate Differential**	**Financial year ended 31 March 2025**	**Financial year ended 31 March 2024**	**% Change**
Ex rate differential - realized	**(11,512)**	**36,480**	**-131.6%**
Ex rate differential - unrealized	**(2,742)**	**17,259**	**-115.9%**
Total	**(14,254)**	**53,739**	**-126.5%**

2. Financial Condition

The management's review on the summary of Group's financial position as compared to the previous financial year ended 31st March 2024 is presented below.

Non-Current Assets

Our Group's non-current assets primarily consist of property, plant and equipment used in the hotel and hot air balloon service businesses. The 5.1% decrease in non-current assets this year was mainly due to the provisions for depreciation resulting from the situation in Ngapali, the sale and replacement of certain fixed

ssets, and the depreciation and amortization of both tangible and intangible assets used in the hotel and hot air balloon service businesses.

(Kyat'000)	**Financial year ended 31 March 2025**	**Financial year ended 31 March 2024**	**% Change**
Non-current Assets	**46,735,273**	**49,231,216**	**-5.1%**

Current Assets

The Group's current assets comprise of inventory, account receivables, prepayment and advance, amount due from related parties, and cash and cash equivalents. Current assets were decreased by 28.5% in current financial year ended 31st March 2025 compared to that of previous financial year. It was attributable to several factors: keeping less inventory, being able to collect account receivables on time, and the decrease in cash balance as operating expenses were incurred by the Company due to having decreased revenue from hotel business.

(Kyat'000)	**Financial year ended 31 March 2025**	**Financial year ended 31 March 2024**	**% Change**
Current Assets	**199,192**	**278,405**	**-28.5%**

Current Liabilities

The Group's major current liabilities include accounts payable for current portion of long-term borrowings, accrued expenses, tax payable, provision and deposit, amount due to related parties, and other liabilities, which consist of commission and other miscellaneous. Current liabilities were increased by 29.2% in the current financial year compared to that of previous financial year mainly due to an increase in amount due to related parties, an increase in current portion of principal payment for the foreign currency loan, and an increase in some of the accounts payable resulting from the increased operating expenses.

(Kyat'000)	**Financial year ended 31 March 2025**	**Financial year ended 31 March 2024**	**% Change**
Current Liabilities	**33,401,155**	**25,861,128**	**29.2%**

Non-Current Liabilities

on-current liabilities comprise of long-term borrowings, other non-current liabilities and finance lease obligation. By comparing the current financial year with the previous financial year, there was a 28.8% decrease in non-current liabilities and it was attributable to the reporting of long-term borrowing which will be due next year to current liabilities in accordance with the accounting standards.

(Kyat'000)	**Financial year ended 31 March 2025**	**Financial year ended 31 March 2024**	**% Change**
Non-current Liabilities	**8,204,685**	**11,522,527**	**-28.8%**

Total Equity

The total equity consists of share capital, retained earnings and non-controlling interest (NCI). It was decreased by 56.1% in current financial year ended 31st March 2025 compared to that of previous financial year.

(Kyat'000)	**Financial year ended 31 March 2025**	**Financial year ended 31 March 2024**	**% Change**
Total Equity	**5,328,625**	**12,125,966**	**-56.1%**

Review and Business Outlook

The financial year ended 31st March 2025 was an exceptionally challenging year for Amata Holding Public Company Limited (Amata Group), which operates in the hotel and tourism service industry, due to the prevailing circumstances. However, under the leadership of the Chairman and based on the prior experience of the management and operational teams, the Group was able to adapt effectively to the circumstances, maintain business continuity, and face the challenges successfully.

Over the past few years, due to climate changes, the outbreak of COVID-19 pandemic, and ongoing changes within Myanmar, the hot air balloon service business, a subsidiary of the Group, has not been able to operate at full capacity since 2019. Furthermore, the hot air balloon service business was completely unable to operate this year as well due to external circumstances. In addition, operations at Amata Resort & Spa (Ngapali) were temporarily suspended starting from May 2024. Given these circumstances, the Group has placed greater focus on maintaining its long-term business sustainability.

To prevent further financial deterioration, the Group made difficult decisions to temporarily suspend operations in certain underperforming areas and thoroughly reassessed its entire operational structure. The

Group primarily focused its efforts on maintaining key assets and preserving cash flow effectively in order to be well-prepared when the market recovers.

The Group is striving to resume hot air balloon operations in the Bagan region for the upcoming open season. Preparations and maintenance activities are also being carried out to ensure the business can resume operations promptly once external conditions stabilize and improve.

The company has put in place the strategies to ensure long-term sustainability of its business Group during these challenging times and to operate as efficiently as possible in alignment with ongoing changes. Last but not least, we will remain committed to continuing our efforts in the best interest of our shareholders' future benefits.

On Behalf of the Board of Directors,

U Win Aung

Chairman

အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

မှတ်ပုံတင်အမှတ် - ၁၀၀၄၅၅၆၁၂၅

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

<u>စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ</u>

ခင်စုဌေးနှင့် အဖွဲ့လီမိတက်

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ မှတ်ပုံတင်အမှတ် - ၁၀၀၄၅၆၁၂၂

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ

မာတိကာ

	စာမျက်နှာ
ဒါရိုက်တာများ၏တာဝန်ဖော်ပြချက်	၁
လွတ်လပ်သောပြင်ပစာရင်းစစ်၏အစီရင်ခံစာ	၂-၆
ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း	၇
ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း	၈-၉
အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုစုပေါင်းရှင်းတမ်း	၁၀
ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်း	၁၁
စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ	၁၂-၄၃

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

ဒါရိုက်တာများ၏ တာဝန်ဖော်ပြချက်

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ဒါရိုက်တာများသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု စုပေါင်းရှင်းတမ်း၊ ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်း၊ အရေးပါသည့် စာရင်းကိုင်မူဝါဒများနှင့် အခြားရှင်းလင်းချက်များ အကျဉ်းချုပ်ပါဝင်သော ဘဏ္ဍာရေးမှတ်စုများကို နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (IFRS)နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ ("ဥပဒေ") ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲရန် တာဝန်ရှိပါသည်။ ထို့အပြင် လိမ်လည်မှု၊ မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာသော အရေးပါသည့် မှားယွင်းဖော်ပြချက်များမှ ကင်းစင်သည့် စုပေါင်း ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲနိုင်စေရန် ဒါရိုက်တာများမှ လိုအပ်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှု အစီအစဉ်များကိုချမှတ်ရန်အတွက်လည်း တာဝန်ရှိပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ ("ဥပဒေ") ပါ ပြဋ္ဌာန်းချက်များအရ ဒါရိုက်တာများသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အချိန်တိုင်းတွင် လုပ်ငန်းစု၏အခြေအနေကို သင့်တင့်လျောက်ပတ်စွာဖော်ပြထားသော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများနှင့် ၎င်းနှစ်၏လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပြင်ဆင်ရေးဆွဲရန် တာဝန်ရှိပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ (၂၅၈) အရ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းကို သင့်လျော်မှန်ကန်စွာ ဖော်ပြသည့် စာရင်းမှတ်တမ်းများကို ထိန်းသိမ်းရန်မှာ ဒါရိုက်တာများ၏ တာဝန်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းစု၏ပိုင်ဆိုင်မှုများကို ထိန်းသိမ်းကာကွယ်ရန်နှင့် လိမ်လည်မှုများ၊ အခြားမသမာမှုများကို တားဆီးရန်နှင့် ရှာဖွေဖော်ထုတ်ရန်အတွက် လည်းတာဝန်ရှိပါသည်။

ကုမ္ပဏီ၏ဒါရိုက်တာများသည် လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်မှုအပေါ် အကဲဖြတ်မှုပြုလုပ်ထားပြီး ဤရှင်းတမ်းထုတ်ပြန်သည့်ရက်မှစ၍ လာမည့်၁၂လအတွင်း လုပ်ငန်းစုသည် ဆက်လက်လုပ်ကိုင်နိုင်မည်မဟုတ်ဟု ယုံကြည်ရန် အကြောင်းပြချက်မရှိပါ။

ကုမ္ပဏီဒါရိုက်တာများအဖွဲ့သည် ဤဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ပြန်ရန်အတွက် ဤထုတ်ပြန်ချက်ထုတ်သည့်နေ့တွင် ခွင့်ပြုပါသည်။

ကုမ္ပဏီဒါရိုက်တာများအဖွဲ့ကိုယ်စား

Amata Holding Public Co., Ltd.

ဦးဝင်းအောင်
မန်နေဂျင်းဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက်

ဒေါ်နေမြတ်သူအောင်
ဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက်

နေ့စွဲ ။ ။ ၂၇-၀၆-၂၀၂၅

KHIN SU HTAY & ASSOCIATES LIMITED

Certified Public Accountants

(Company Registration Number: 100124548)

 # C-1 / 005, Ground Floor, Hninnsi Street, Yuzana Highway Complex,
Narnat Taw Road, Kamayut Township, Yangon, Myanmar
Email: thantint@kshal.com
Tel: (95-09) 422953862, 422953863

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်

၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ အစုရှယ်ယာရှင်များသို့

လွတ်လပ်သော ပြင်ပစာရင်းစစ်၏ အစီရင်ခံစာ

ခြွင်းချက်ပြုထားသောစာရင်းစစ်ထင်မြင်ယူဆချက်

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”)နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ (“ကုမ္ပဏီအုပ်စု”) ၏ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုစုပေါင်းရှင်းတမ်း၊ ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်းနှင့် အရေးပါသောစာရင်းကိုင်မူဝါဒများနှင့် အခြားရှင်းလင်းချက်များ ပါဝင်သော ဘဏ္ဍာရေးမှတ်စုများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်မှာ ခြွင်းချက်ပြုထားသောထင်မြင်ယူဆချက်ပေးရန်အခြေခံအချက်များအပိုဒ်တွင် ဖော်ပြထားသော အချက်များမှအပ ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် ၂၀၂၅ခုနှစ်၊ မတ်လ ၃၁ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များ၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်းနှင့် ငွေသားစီးဆင်းမှုရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ(IFRS)နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ (“ဥပဒေ”)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပါသောအချက်များအားလုံးကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြရေးဆွဲထားသည်ဟု ထင်မြင်ယူဆပါသည်။

ခြွင်းချက်ပြုထားသောထင်မြင်ယူဆချက်ပေးရန်အခြေခံအချက်များ

ကျွန်တော်များ၏ စာရင်းစစ်ဆေးရာတွင် အောက်ပါတို့ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့သည် ၂၀၁၆ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် “Amata Resort and Spa (Andaman)” ၏ မြေငှားစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

အဆိုပါမြေငှားစာချုပ်အရ စာချုပ်ပါလုပ်ငန်းများကိုဆောင်ရွက်ရာတွင် တဆင့်ငှားရမ်းခြင်း၊ အခြားသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းတခုခုသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရဟု အတိအလင်းဖော်ပြထားသည်။

ကုမ္ပဏီအုပ်စု၏စီမံအုပ်ချုပ်သူများ၏ ရည်ရွယ်ချက်မှာ အဆိုပါမြေယာအား အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်သို့ တဆင့်ပြန်လည်ငှားရမ်းရန်ဖြစ်ပါသည်။ ထိုသို့တဆင့်ပြန်လည်ငှားရမ်းရန် အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထံသို့ တဆင့်ပြန်လည်အငှားချထားမှု ခွင့်ပြုမိန့်ကို တောင်းခံထားဆဲဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တဆင့်ပြန်လည်အငှားချထားမှု ခွင့်ပြုမိန့်ကို ယခုအစီရင်ခံစာထုတ်ပြန်သည့်အချိန်ထိ မရရှိသေးပါ။

အထက်ပါအခြေအနေများအရ ကျွန်တော်များအဖွဲ့သည် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများတွင် အောက်ပါအချက်များကို အစီရင်ခံတင်ပြအပ်ပါသည်။

မှတ်စု (၅) ပုံသေပိုင်ပစ္စည်း

အထက်ဖော်ပြပါငှားရမ်းမြေပေါ်တွင် ဆောက်လုပ်ထားသော Amata Resort and Spa (Andaman) ဟိုတယ်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ အသားတင်တန်ဖိုးငွေ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၃,၈၉၈,၅၆၉ သည် ဟိုတယ်၏ပုံသေပိုင်စာရင်းလက်ကျန်တွင်ပါဝင်ပြီး ၎င်း၏ နှစ်အတွင်းတန်ဖိုးလျော့လျာထားစရိတ်မှာ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၆၈,၉၀၀ ဖြစ်ပါသည်။ တဆင့်ပြန်လည်ငှားရမ်းခြင်းစာချုပ် အထောက်အထားကိုမရရှိခဲ့ခြင်းကြောင့် အဆိုပါငှားရမ်းမြေပေါ်တွင် ဆောက်လုပ်ထားသော ဟိုတယ်၏လုပ်ငန်းဆောင်ရွက်ခွင့်ကို အတည်ပြုနိုင်ခြင်းမရှိခဲ့ပါ။

မှတ်စု (၇) မြေနှင့် အဆောက်အဦး အသုံးပြုခွင့်

ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းတွင် မြေနှင့်အဆောက်အဦးအသုံးပြုခွင့် စာရင်းလက်ကျန်တန်ဖိုးငွေ ကျပ် ၄၂၂,၈၃၆ ပါဝင်နေပြီး ၎င်း၏နှစ်အတွင်းတန်ဖိုးလျော့လျာထားစရိတ်မှာ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၆,၉၃၂ ဖြစ်ပါသည်။ စာရင်းစစ်ဆေးနေစဉ်ကာလအတွင်း ကုမ္ပဏီအုပ်စု၏လက်အောက်ခံကုမ္ပဏီဖြစ်သည့် ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်နှင့် ချုပ်ဆိုထားသော မြေငှားရမ်းခြင်းသဘောတူညီမှုစာချုပ်ကို မရရှိသောကြောင့်အဆိုပါမြေများကို တိုက်ရိုက်အသုံးပြုခွင့်/ အငှားချခြင်းအတွက်ခွင့်ပြုချက်၊ မြေယာအသုံးပြုမှု ဆောက်လုပ်ရေးခွင့်ပြုချက်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ ငှားရမ်းမှုကာလ၊ နှစ်စဉ်ငှားရမ်းခများ အစရှိသည်တို့ကို အတည်ပြုသုံးသပ်နိုင်ခြင်းမရှိခဲ့ပါ။

မှတ်စု (၂၂) မြေနှင့် အဆောက်အဦး အသုံးပြုခွင့်အတွက်ပေးရန်တာဝန်

ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းတွင် မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက် လက်ကျန်ပေးရန်တာဝန် တန်ဖိုးငွေ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၄၆၁,၃၆၆ ပါဝင်နေပြီး ၎င်း၏နှစ်အတွင်းချေးငွေအပေါ် အတိုးစရိတ်မှာ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၅၉,၉၈၀ ဖြစ်ပါသည်။ စာရင်းစစ်ဆေးနေစဉ်ကာလအတွင်း ကုမ္ပဏီအုပ်စု၏လက်အောက်ခံကုမ္ပဏီဖြစ်သည့် ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်နှင့် ချုပ်ဆိုထားသော မြေငှားရမ်းခြင်းသဘောတူညီမှုစာချုပ်ကို မရရှိသောကြောင့်အဆိုပါမြေများကို တိုက်ရိုက်အသုံးပြုခွင့်/ အငှားချခြင်းအတွက်ခွင့်ပြုချက်၊ မြေယာအသုံးပြုမှုဆောက်လုပ်ရေးခွင့်ပြုချက်၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ ငှားရမ်းမှုကာလ၊ နှစ်စဉ်ငှားရမ်းခများ အစရှိသည်တို့ကို အတည်ပြုသုံးသပ်နိုင်ခြင်းမရှိခဲ့ပါ။

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးမှုများကိုဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစံများအရ ကျွန်တော်များအဖွဲ့၏ တာဝန်များကို ဤအစီရင်ခံစာ၏စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏တာဝန်ကဏ္ဍတွင် ထပ်မံဖော်ပြထားပါသည်။ ကျွန်တော်များသည် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ကုမ္ပဏီအုပ်စုနှင့် သီးခြားလွတ်လပ်စွာရပ်တည်ခဲ့ပြီး ကျွန်တော်များအဖွဲ့အနေဖြင့် အခြားသောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်များအဖွဲ့ရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် အခြေခံအချက်များအတွက် လုံလောက်သင့်လျော်မှုရှိသည်ဟု ယုံကြည်ပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများ၏တာဝန်

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (IFRS) နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာပြင်ဆင်ရေးဆွဲရန်နှင့် လိမ်လည်မှု၊ မှားယွင်းဖော်ပြမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှကင်းရှင်းသော စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲနိုင်စေရန် လိုအပ်သောဌာနတွင်းကြီးကြပ်ကွပ်ကဲမှု အစီအစဉ်များကိုချမှတ်ရန်အတွက်လည်း စီမံအုပ်ချုပ်သူများတွင် တာဝန်ရှိပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီအုပ်စုကိုဖျက်သိမ်းရန် သို့မဟုတ် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းရန် ရည်ရွယ်မှုမရှိလျှင် သို့မဟုတ် ထိုသို့လုပ်ဆောင်ရန်မှလွဲ၍ လက်တွေ့ကျသော အခြားရွေးချယ်စရာမရှိမှုမရှိလျှင် ကုမ္ပဏီအုပ်စု၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်း အကဲဖြတ်ခြင်း၊ ဆက်လုပ်ဆောင်နိုင်မှုအခြေအနေနှင့် ပတ်သက်သည့်ကိစ္စများကို ထုတ်ဖော်ခြင်းနှင့် ဆက်လက်လုပ်ဆောင်နိုင်မှုနှင့် သက်ဆိုင်သည့် စာရင်းကိုင်မူများကို အသုံးပြုခြင်းတို့သည် စီမံအုပ်ချုပ်သူများ၏တာဝန် ဖြစ်ပါသည်။

စီမံခန့်ခွဲကြီးကြပ်သူများ၏တာဝန်သည် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစစ်ဆေးခြင်းအတွက် စာရင်းစစ်၏ တာဝန်

ကျွန်တော်များ၏ရည်ရွယ်ချက်မှာ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတစ်ခုလုံးသည် လိမ်လည်မှု၊ မှားယွင်းမှုကြောင့် အရေးပါသော မှားယွင်းစွာ ဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော်သော ခိုင်လုံသေချာမှုရရှိရန်နှင့် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်ပါဝင်သော စာရင်းစစ်အစီရင်ခံစာကို ထုတ်ပြန်ရန်ဖြစ်ပါသည်။ ကျိုးကြောင်းဆီလျော်သော ခိုင်လုံသေချာမှုဆိုသည်မှာ မြင့်မားသောအဆင့် သေချာမှုဖြစ်သော်လည်း နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ဆေးရာတွင် တည်ရှိနေသော အရေးပါသည့် မှားယွင်းဖော်ပြချက်အား အမြဲတွေ့ရှိမည်ဟု အာမခံချက်ပေးခြင်းမဟုတ်ပါ။ မှားယွင်းဖော်ပြမှုများသည် လိမ်လည်မှု၊ မှားယွင်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပြီး ယင်းမှားယွင်းဖော်ပြမှုများသည် တစ်ခုချင်းစီသော်လည်းကောင်း သို့မဟုတ် စုပေါင်း၍သော်လည်းကောင်း စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို အသုံးပြုသူများ၏ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် ကျိုးကြောင်းဆီလျော်စွာ လွှမ်းမိုးနိုင်လျှင် အရေးပါသည်ဟု ယူဆပါသည်။

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ စာရင်းစစ်ခြင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် စာရင်းစစ်ဆေးမှုတစ်လျှောက် အတတ်ပညာနှင့်ယှဉ်သော စီစစ်အကဲဖြတ်သုံးသပ်ခြင်းကို ကျင့်သုံးရန်နှင့် အတတ်ပညာရှင်ဆိုင်ရာသတိသမ္မဇဉ် ထားရှိရန်ဖြစ်ပါသည်။ ကျွန်တော်များသည်-

- လိမ်လည်မှု၊ မှားယွင်းမှုကြောင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ အရေးပါသော မှားယွင်းဖော်ပြချက်များ၏ ဖြစ်ပေါ်နိုင်ခြေများကို စီစစ်အကဲဖြတ်ခြင်း၊ ယင်းနှင့်ပတ်သက်၍ တုံ့ပြန်နိုင်မည့်စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ဆောင်ရွက်ခြင်း၊ စာရင်းစစ်ထင်မြင်ယူဆချက်ပေးရန် ပြည့်စုံလုံလောက်သော စာရင်းစစ်အထောက်အထားများကို ရယူခြင်းတို့ကို ဆောင်ရွက်ပါသည်။ လိမ်လည်မှုကြောင့်ဖြစ်ပေါ်သော အရေးပါသည့်မှားယွင်းဖော်ပြချက်များကို ဖော်ထုတ်မှုမပြုနိုင်ခြင်းသည် မှားယွင်းမှုတစ်ခုကို မဖော်ထုတ်ခြင်းထက် ပိုမိုအန္တရာယ်ရှိပါသည်။ အကြောင်းအရင်းမှာ လိမ်လည်မှုတွင် ပူးပေါင်းကြံစည်ခြင်း၊ အတုပြုလုပ်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ထိန်ချန်ထားခြင်း၊ လွဲမှားထွက်ဆိုခြင်း သို့မဟုတ် ဌာနတွင်းကြီးကြပ်မှုစနစ်ကို ချိုးဖောက်ခြင်းတို့ ပါဝင်နိုင်သောကြောင့်ဖြစ်ပါသည်။
- အခြေအနေနှင့် သင့်လျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်အလို့ငှာ ဌာနတွင်းကြီးကြပ်မှုစနစ်ကို ထည့်သွင်းစဉ်းစားသော်လည်း ကုမ္ပဏီအုပ်စု၏ ဌာနတွင်းကြီးကြပ်မှုစနစ် ထိရောက်မှုအပေါ် စာရင်းစစ်ထင်မြင် ယူဆချက်ပေးရန် မဟုတ်ပါ။
- စီမံအုပ်ချုပ်သူများမှ ဆောင်ရွက်သောစာရင်းခန့်မှန်းခြေများနှင့် ထုတ်ဖော်တင်ပြချက်များ၏ ကျိုးကြောင်းဆီလျော်မှုနှင့် အသုံးပြုထားသော စာရင်းဆိုင်ရာမူဝါဒများ၏ သင့်လျော်မှုကို အကဲဖြတ်ဆောင်ရွက်ပါသည်။
- စီမံအုပ်ချုပ်သူများမှ အသုံးပြုသည့် လုပ်ငန်းဆက်လက်လုပ်ဆောင်မှု စာရင်းအခြေခံမူ၏ သင့်လျော်မှုနှင့် ရယူထားသော စာရင်းစစ်အထောက်အထားများပေါ် မူတည်၍ ကုမ္ပဏီအုပ်စုအနေဖြင့် လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်မှုအပေါ် ထင်ရှားသောသံသယများ ဖြစ်စေနိုင်သည့် အရေးပါသော မသေချာသည့် အဖြစ်အပျက်အခြေအနေ ရှိ/ မရှိ ကိုသုံးသပ်ပါသည်။ အရေးပါသော မသေချာသည့် အခြေအနေရှိခဲ့သည်ဟု သုံးသပ်ပါက ကျွန်တော်များအနေဖြင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသောအဆိုပါထုတ်ဖော်ချက်အား စာရင်းစစ်အစီရင်ခံစာတွင် ရည်ညွှန်းဖော်ပြရန်လိုအပ်

ပါသည်။ အကယ်၍ အဆိုပါစုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ဖော်ပြထားသော ထုတ်ဖော်ချက်များသည် လုံလောက်မှု မရှိပါက ကျွန်တော်များ၏ စာရင်းစစ်အစီရင်ခံစာအား ပြင်ဆင်ရန်လိုအပ်ပါသည်။ ကျွန်တော်များ၏ သုံးသပ်ချက်သည် စာရင်းစစ်အစီရင်ခံစာထုတ်ပြန်သည့်နေ့အထိ ရရှိထားသော စာရင်းစစ်အထောက်အထားများအပေါ် အခြေခံပါသည်။ သို့သော် အနာဂတ်အဖြစ်အပျက် သို့မဟုတ် အခြေအနေများသည် ကုမ္ပဏီအုပ်စုအား လုပ်ငန်းဆက်လက်လုပ်ဆောင်မှုကို ရပ်စဲရန် ဖြစ်ပေါ်စေနိုင်ပါသည်။

- စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ၏ ထုတ်ဖော်ပြသချက်များအပါအဝင် ယေဘုယျတင်ပြမှု၊ ဖွဲ့စည်းမှု၊ ပါဝင်သော အကြောင်းအရာများနှင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် အခြေခံလုပ်ဆောင်ချက်များနှင့် အဖြစ်အပျက်များကို သင့်လျော်သည့်ပုံစံဖြင့် တင်ပြထားခြင်း ရှိ၊မရှိ တို့ကို သုံးသပ်ပါသည်။
- စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်တွင် စာရင်းစစ်ထင်မြင်ယူဆချက်ကို ဖော်ပြနိုင်ရန်အတွက် ကုမ္ပဏီအုပ်စုအတွင်းရှိ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများ၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသည့် လုံလောက်သင့်လျော်သော စာရင်းစစ်အထောက်အထားများရယူပါသည်။ ကုမ္ပဏီအုပ်စုကို စာရင်းစစ်ဆေးခြင်းအတွက် လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် လုပ်ဆောင်မှုများအတွက် ကျွန်တော်များအဖွဲ့တွင် တာဝန်ရှိပါသည်။ ကျွန်တော်များ၏ စာရင်းစစ် ထင်မြင်ယူဆချက်အတွက် ကျွန်တော်များအဖွဲ့တွင်သာ တာဝန်ရှိပါသည်။

ကျွန်တော်များသည် ဌာနတွင်းကြီးကြပ်မှုစနစ်၏ အရေးပါသောအားနည်းချက်များ အပါအဝင် စာရင်းစစ်ဆေးမည့်နယ်ပယ်နှင့် အချိန်အတိုင်းအတာ၊ အရေးပါသောစာရင်းစစ်ဆေးတွေ့ရှိချက်များ၊ အခြားကိစ္စရပ်များစသည့်တို့နှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုကြီးကြပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။

ကျွန်တော်များသည် အမှီအခိုကင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သောကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကျိုးကြောင်း ဆီလျော်စွာယူဆနိုင်သည့်ဆက်ဆံရေးများ၊ အခြားကိစ္စရပ်များအားလုံးနှင့် လိုအပ်ပါက ကျွန်တော်များ၏ အမှီအခိုကင်းခြင်းအပေါ် အကာအကွယ်ပြုလုပ်ထားမှုများကို ဆက်သွယ်ဆောင်ရွက်ရန်အတွက် တင်ပြချက်တစ်စောင်ကို စီမံခန့်ခွဲမှုကြီးကြပ်သူများသို့ ပေးပို့ပါသည်။

KHIN SU HTAY & ASSOCIATES LIMITED

Certified Public Accountants

(Company Registration Number: 100124548)

 # C-1 / 005, Ground Floor, Hninnsi Street, Yuzana Highway Complex,
Narnat Taw Road, Kamayut Township, Yangon, Myanmar
Email: thantint@kshal.com
Tel: (95-09) 422953862, 422953863

အခြားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း

ကျွန်ုပ်တို့၏ သဘောထားအမြင်အရ၊ ကျွန်ုပ်တို့သည် အောက်ပါတို့ကို ထပ်မံတင်ပြပါသည်-

(က) ကုမ္ပဏီအုပ်စုသည် ဥပဒေပုဒ်မ ၂၅၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထားရှိရမည့် သင့်တော်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိပါသည်။

(ခ) ဥပဒေပုဒ်မ ၂၈၀ ပုဒ်မ ခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင် (၂) ပါပြဋ္ဌာန်းချက်များနှင့်အညီ
- လိုအပ်သော သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ ရရှိခဲ့ပါသည်။
- ဘဏ္ဍာရေးရှင်းတမ်းများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာရေးဆွဲထားပါသည်။

Khin Su Htay & Associates Limited. KSHAL

ဦးသန်းတင့်
စီပီအေ (ပီအေပီပီ – ၁၀၃)
မန်နေဂျင်းဒါရိုက်တာ
ခင်စုဌေးနှင့် အဖွဲ့လီမိတက်
လက်မှတ်ရပြည်သူ့စာရင်းကိုင်များ

ရန်ကုန်
နေ့စွဲ ။ ။ 27 June 2025

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ
၂၀၂၅ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်း

		၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ရပိုင်ခွင့်များ			
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ	မှတ်စု		
ပုံသေပိုင်ပစ္စည်း	၅	၄၅,၆၀၀,၄၉၅	၄၈,၁၇၁,၃၅၄
ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများ	၆	၁၂,၀၉၁	၁၈,၅၆၂
မြေနှင့်အဆောက်အဦးအသုံးပြုခွင့်	၇	၁,၁၂၂,၆၈၇	၁,၀၄၁,၃၀၀
		၄၆,၇၃၅,၂၇၃	**၄၉,၂၃၁,၂၁၆**
လက်ငင်းရပိုင်ခွင့်များ			
ကုန်လက်ကျန်များ	၈	၈၇,၅၃၃	၁၁၀,၀၁၁
ရရန်ရှိစာရင်း	၉	၁၃,၄၄၅	၄၈,၀၀၆
စရန်ငွေများနှင့် ကြိုတင်ပေးချေထားသော စာရင်းများ	၁၀	၄၆,၇၆၁	၃၃,၅၆၇
ကြိုတင်ခွန်များ	၁၁	၆,၇၀၆	၁၅,၅၅၈
ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ	၁၂	၂၀,၃၈၃	၃၉,၇၆၉
ငွေသားနှင့်ငွေသားညီမျှခြင်းလက်ကျန်များ	၁၃	၂၄,၃၆၄	၃၁,၄၉၄
		၁၉၉,၁၉၂	**၂၇၈,၄၀၅**
စုစုပေါင်းရပိုင်ခွင့်များ		**၄၆,၉၃၄,၄၆၅**	**၄၉,၅၀၉,၆၂၁**
ရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များနှင့်ပေးရန်တာဝန်များ			
အစုရှယ်ယာမတည်ရင်းနှီးငွေ	၁၄	၃,၄၈၇,၉၉၀	၃,၄၈၇,၉၉၀
အမြတ်လက်ကျန်များ		၁,၁၂၆,၉၂၆	၇,၈၃၃,၂၃၀
ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ (Non-controlling interest)		၇၁၃,၇၀၉	၈၀၄,၇၄၆
		၅,၂၀၄,၆၈၅	**၁၂,၅၂၅,၉၆၆**
လက်ငင်းပေးရန်တာဝန်များ			
ပေးရန်တာဝန်များ	၁၅	၁၁,၈၉၃,၆၅၄	၉,၁၄၅,၁၀၇
ပေးရန်ရှိအခွန်များ	၁၆	၁၆,၁၅၇	၁၁၁,၉၀၂
ပေးရန်ရှိအသုံးစရိတ်များ	၁၇	၉၇၁,၂၀၈	၈၈၃,၆၃၀
ကြိုတင်ရရှိထားသောစရန်ငွေများ	၁၈	၅၄၄,၅၆၁	၅၇၂,၁၀၅
အခြားပေးရန်ရှိများ	၁၉	၇၂၄,၂၉၀	၇၇၆,၂၉၉
ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ	၂၀	၃,၇၅၁,၂၃၈	၂,၂၇၉,၉၇၁
ကာလရှည်ချေးငွေများမှတစ်နှစ်အတွင်းပေးရန်တာဝန်များ	၂၁	၁၅,၄၆၁,၂၅၀	၁၂,၀၉၀,၇၅၀
မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက်ပေးရန်တာဝန်	၂၂	၃၈,၇၉၇	၁,၃၆၄
		၂၃,၄၀၁,၁၅၅	**၂၅,၈၆၁,၁၂၈**
လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ			
ကာလရှည်ချေးငွေများ	၂၁	၇,၀၀၈,၇၅၀	၁၀,၃၇၉,၂၅၀
မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက်ပေးရန်တာဝန်	၂၂	၁,၁၉၅,၉၃၅	၁,၁၄၃,၂၇၇
		၈,၂၀၄,၆၈၅	**၁၁,၅၂၅,၉၆၆**
		၄၆,၉၃၄,၄၆၅	**၄၉,၅၀၉,၆၂၁**

ဦးဝင်းအောင်
မန်နေဂျင်းဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
နေ့စွဲ ။ ။ ၂၇-၀၆-၂၀၂၅

ဒေါ်နေမြတ်သူအောင်
ဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

	မှတ်စု	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ဝင်ငွေ	၂၃	၄၃၈,၄၃၄	၂,၆၀၇,၈၆၄
ဝန်ဆောင်မှုအတွက်တိုက်ရိုက်ကုန်ကျစရိတ်	၂၄	(၃၆၈,၈၇၇)	(၁,၄၉၀,၉၈၈)
အကြမ်းအမြတ်		**၆၉,၅၅၇**	**၁,၁၁၆,၈၇၆**
အခြားဝင်ငွေ	၂၅	၁,၆၀၁	၇,၃၉၉
အရောင်းနှင့်ဈေးကွက်ရှာဖွေခြင်းကုန်ကျစရိတ်	၂၆	(၃၉,၂၁၁)	(၁၀၃,၇၉၉)
စီမံခန့်ခွဲမှုနှင့် အထွေထွေကုန်ကျစရိတ်	၂၇	(၉၄၁,၈၁၅)	(၁,၁၀၁,၅၈၈)
အဆောက်အဦးမွမ်းမံထိန်းသိမ်းခြင်းအတွက်ကုန်ကျစရိတ်	၂၈	(၁၉၃,၇၈၅)	(၃၅၆,၃၇၉)
ရေခွန်၊ မီးခွန်နှင့် ဆီဖိုး	၂၉	(၁၅၆,၇၀၅)	(၃၂၂,၁၃၉)
စီးပွားရေးအဆောက်အဦးခွန်		(၄,၀၁၂)	(၄,၀၁၂)
မြေငှားရမ်းခစရိတ်		(၁၂,၂၀၀)	(၁၅,၂၅၀)
တန်ဖိုးကျ၍ဆုံးရှုံးမှု	၃၀	(၁,၃၃၈,၉၂၃)	–
စာရင်းမှပယ်ဖျက်ခြင်း (ပုံသေပိုင်ပစ္စည်းနှင့် ကုန်လက်ကျန်)		(၁၃)	(၁,၀၀၂)
နိုင်ငံခြားငွေလဲလှယ်မှု ခြားနားချက်များ	၃၁	၁၄,၂၅၄	(၅၃,၇၃၉)
		(၂,၂၅၆,၃၃၄)	**(၈၃၃,၆၃၃)**
တန်ဖိုးလျော့များ	၅,၆,၇	(၁,၂၆၀,၄၅၂)	(၁,၄၀၄,၈၃၂)
		(၃,၄၆၁,၇၀၄)	**(၂,၂၃၈,၄၆၅)**
အတိုးစရိတ်	၃၂	(၂,၉၅၅,၉၉၅)	(၂,၉၀၈,၁၁၅)
အခွန်မလျာထားမီ အသားတင်အရှုံး		**(၆,၈၁၇,၆၉၉)**	**(၅,၄၁၄,၆၈၀)**
ဝင်ငွေခွန်စရိတ်		–	–
ယခင်နှစ်များရှိ ကုန်သွယ်လုပ်ငန်းခွန် ပေးရန်တာဝန် လျာထားချက် လျော့နည်းခြင်းများ		–	(၅၂)
အခြေပစ္စည်းမှမြတ်စွန်းငွေ		၁၄,၈၈၉	၂၂,၁၂၅
အခြေပစ္စည်းမှမြတ်စွန်းငွေအတွက် ကျသင့်အခွန်		(၃,၀၀၀)	(၁,၄၂၇)
အသားတင်အရှုံး		**(၆,၈၀၅,၈၁၀)**	**(၅,၃၂၅,၉၃၄)**
အခြားဝင်ငွေအလုံးစုံ		–	–
ဘဏ္ဍာနှစ်အတွက်ဝင်ငွေအလုံးစုံ (အရှုံး)		**(၆,၈၀၅,၈၁၀)**	**(၅,၃၂၅,၉၃၄)**

ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ
ဝင်ငွေအလုံးစုံပါဝင်သောစုပေါင်းရှင်းတမ်း
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
အသားတင်အရှုံး ခွဲဝေမှု		
ကုမ္ပဏီ၏ရှယ်ယာရှင်များ၏ပိုင်ဆိုင်မှုများ	(၆,၇၁၄,၇၇၃)	(၄,၉၆၇,၆၂၀)
ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ	(၉၁,၀၃၇)	(၁၅၈,၃၁၄)
	(၆,၈၀၅,၈၁၀)	(၅,၁၂၅,၉၃၄)
ဘဏ္ဍာနှစ်အတွက်ဝင်ငွေအလုံးစုံ (အရှုံး) ခွဲဝေမှု		
ကုမ္ပဏီ၏ရှယ်ယာရှင်များ၏ပိုင်ဆိုင်မှုများ	(၆,၇၁၄,၇၇၃)	(၄,၉၆၇,၆၂၀)
ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုများ	(၉၁,၀၃၇)	(၁၅၈,၃၁၄)
	(၆,၈၀၅,၈၁၀)	(၅,၁၂၅,၉၃၄)
အစုရှယ်ယာတစ်စု၏အခြေခံအရှုံး	(၀.၆၄၀)	(၀.၄၇၃)

Amata Holding Public Co., Ltd.

ဦးဝင်းအောင်
မန်နေဂျင်းဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
နေ့စွဲ ။ ။ ၂၇-၀၆-၂၀၂၅

ဒေါ်နေမြတ်သူအောင်
ဒါရိုက်တာ
အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။

**ညီလာခံတွင်ဆွေးနွေးတွင်းစာတမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များ ပေးအပ်ခြင်းအား ကြေညာခဲ့ပါသည်။*

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းများ

	၂၀၂၄	၂၀၂၃	၂၀၂၂	၂၀၂၁	၂၀၂၀
ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေ					
ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)	၄,၁၆၀	၂,၆၈၀	(၁,၂၂၀)	(၂,၂၀၀)	(၂,၂၀၀)
ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)	၄,၁၆၀	၂,၆၈၀	(၁,၂၂၀)	(၂,၂၀၀)	(၂,၂၀၀)
ပြင်ပအရင်းအနှီးစီးဆင်းမှုများ					
ဘဏ္ဍာရေးအကူအညီ	၂၀၀	၂၀၀	၂၀၀	၂၀၀	၂၀၀
ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိုယ်စားလှယ်များ	၂,၂၀၀	၂,၀၀၀	၁,၉၀၀	၁,၆၀၀	၁,၂၀၀
ပြင်ပကြွေးမြီ					
ကြွေးမြီအသုံးပြုမှု	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀
ကြွေးမြီပြန်ဆပ်ငွေ	(၂၀၀)	(၂၀၀)	(၂၀၀)	(၂၀၀)	(၂၀၀)
ကြွေးမြီအသစ်ရရှိမှုများ	၁,၂၀၀	၁,၂၀၀	၁,၂၀၀	၁,၂၀၀	၁,၂၀၀
ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)	၄,၁၆၀	၂,၆၈၀	(၁,၂၂၀)	(၂,၂၀၀)	(၂,၂၀၀)
ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)	၄,၁၆၀	၂,၆၈၀	(၁,၂၂၀)	(၂,၂၀၀)	(၂,၂၀၀)
ပြင်ပအရင်းအနှီးစီးဆင်းမှုများ					
ဘဏ္ဍာရေးအကူအညီ	၂၀၀	၂၀၀	၂၀၀	၂၀၀	၂၀၀
ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိုယ်စားလှယ်များ	၂,၂၀၀	၂,၀၀၀	၁,၉၀၀	၁,၆၀၀	၁,၂၀၀
ပြင်ပကြွေးမြီ					
ကြွေးမြီအသုံးပြုမှု	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀
ကြွေးမြီပြန်ဆပ်ငွေ	(၂၀၀)	(၂၀၀)	(၂၀၀)	(၂၀၀)	(၂၀၀)
ကြွေးမြီအသစ်ရရှိမှုများ	၁,၂၀၀	၁,၂၀၀	၁,၂၀၀	၁,၂၀၀	၁,၂၀၀

ဘဏ္ဍာရေးအကြံပေးအဖွဲ့ (၄)ဖွဲ့သည် ကုမ္ပဏီတစ်ခုချင်းစီ၏ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းများအပေါ် အခြေခံ၍ ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ၂၀၂၁ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ကမ္ဘောဒီးယားနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ဂရုပြုသော အခြေခံဘတ်ဂျက်ဟု ခေါ်သော ဘဏ္ဍာရေးပိုလျှံ/(လိုငွေ)ကို ၂၀၂၀ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

ငွေသားစီးဆင်းမှုစုပေါင်းရှင်းတမ်း

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

		၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ			
အခွန်မလျာထားမီ အသားတင်အရှုံး		(၆,၈၁၇,၆၉၉)	(၅,၁၄၆,၅၈၀)
စာရင်းညှိနှိုင်းချက်များ			
တန်ဖိုးလျော့များ		၁,၂၆၀,၄၅၂	၁,၄၀၄,၈၃၂
ပုံသေပိုင်ပစ္စည်း၏ညှိနှိုင်းချက်		-	၂,၃၈၁
ဘဏ်တိုးမှရသော ဝင်ငွေ		(၂၇၆)	(၁,၀၉၉)
ချေးငွေအပေါ်အတိုးစရိတ်		၂,၉၅၅,၉၉၅	၂,၉၀၈,၁၁၅
တန်ဖိုးကျ၍ဆုံးရှုံးမှု		၁,၃၃၈,၉၂၃	-
စာရင်းပယ်ဖျက်ခြင်း (ပုံသေပိုင်ပစ္စည်းနှင့် ကုန်လက်ကျန်)		၁၃	၁,၀၀၂
ကြွေးဆုံးလျာထားချက်များ		(၃,၅၆၅)	(၁၉၄)
လုပ်ငန်းလည်ပတ်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင် လုပ်ငန်းဆောင်ရွက်ချက်မှ ဝင်ငွေစီးဆင်းမှုများ		(၁,၂၆၆,၁၅၇)	(၈၃၁,၅၄၃)
လုပ်ငန်းလည်ပတ်ရင်းနှီးငွေပြောင်းလဲမှု			
ကုန်လက်ကျန်များ		၂၂,၄၆၅	(၂,၉၂၇)
ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ		၂၃,၂၀၁	၆၃,၆၇၁
ကုန်သွယ်မှုနှင့်အခြားပေးရန်တာဝန်များ		(၁၁၀,၀၄၂)	၉၇,၆၂၆
ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ		၁,၄၇၂,၆၅၃	(၄၉၉,၃၀၁)
လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဝင်မှု/(အသုံးပြုမှု)များ		၁၄၂,၁၂၀	(၁,၁၇၂,၄၇၄)
အတိုးပေးငွေ		(၈,၀၀၀)	(၄,၈၀၀)
လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသား စီးဝင်မှု/(အသုံးပြုမှု)များ	က	၁၃၄,၁၂၀	(၁,၁၇၇,၂၇၄)
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ			
ပုံသေပိုင်ပစ္စည်းများ ဝယ်ယူခြင်း		(၂၁,၁၃၅)	(၂၇၆,၁၆၄)
ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူခြင်း		-	(၁,၂၃၀)
အခြေပစ္စည်းရောင်းချခြင်းမှ ရငွေ		၆၀,၀၀၀	၂၆,၈၀၀
လုပ်ငန်းတစ်ခုရောင်းချခြင်းမှ ရငွေ		-	၁,၄၀၃,၃၁၂
အတိုးရငွေများ		၂၇၆	၁,၀၉၉
ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များအရ အသားတင်ငွေသား စီးဝင်မှုများ	ခ	၃၉,၁၄၁	၁,၁၅၃,၈၁၇
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ			
အမြတ်ဝေစုပေးငွေ		(၂၅)	(၁၁၈)
ကာလတိုချေးငွေ ပြန်ဆပ်ခြင်း		(၅၂,၀၀၀)	(၁၀,၀၀၀)
ကာလရှည်မြေငှားရမ်းခြင်းအတွက် ပေးချေမှုများ		(၁၂၈,၃၆၆)	(၁၀၂,၀၃၁)
ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ အသားတင်ငွေသား အသုံးပြုမှုများ	ဂ	(၁၈၀,၃၉၁)	(၁၁၂,၁၄၉)
အသားတင်ငွေသားအလျော့များ	(က+ခ+ဂ)	(၇,၁၃၀)	(၁၃၅,၆၀၆)
ငွေသားနှင့်ငွေသားညီမျှခြင်း စာရင်းဖွင့်လက်ကျန်များ		၃၁,၄၉၄	၁၇၄,၆၄၀
လုပ်ငန်းတစ်ခုရောင်းချခြင်းတွင် ပါဝင်သောငွေသား		-	(၇,၅၄၀)
ငွေသားနှင့်ငွေသားညီမျှခြင်း စာရင်းပိတ်လက်ကျန်များ		၂၄,၃၆၄	၃၁,၄၉၄

ပူးတွဲပါရှိသော စာရင်းကိုင်မူဝါဒများနှင့် ရှင်းလင်းချက်မှတ်စုများသည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

မှတ်ပုံတင်အမှတ် - ၁၀၀၄၅၅၆၃၂၅

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

ဤမှတ်စုများသည် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပူးတွဲပါရှိသော စုပေါင်းဘဏ္ဍာရေးအခြေအနေရှင်းတမ်းများနှင့် တွဲဖက်ဖတ်ရှုသင့်ပါသည်။

၁။ အထွေထွေ သတင်းအချက်အလက်

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အခြေစိုက်ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ရက်နေ့တွင် မှတ်ပုံတင်အမှတ်-၁၀၀၄၅၅၆၃၂၅ (ယခင်မှတ်ပုံတင်အမှတ်-၁၅၆၃၃/၂၀၁၇-၂၀၁၈)ဖြင့် မှတ်ပုံတင်ခဲ့ပြီး ကုမ္ပဏီ၏လိပ်စာသည် အခန်းအမှတ်(၁၁-၁၁)၊ ရွှေဟင်္သာကွန်ဒို၊ တာဝါ(စီ-၁)၊ အမှတ် (၅၁)၊ ရွှေဟင်္သာလမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖြစ်ပါ သည်။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

ကုမ္ပဏီ၏အဓိကစီးပွားရေးလုပ်ငန်းများမှာ အပန်းဖြေဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါသည်။

ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်၏ အစုရှယ်ယာ-၉၉.၉၉ ရာခိုင်နှုန်းနှင့် မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက်၏အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ပါသည်။

ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်သည် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမတ အမှတ်တံဆိပ်ဖြင့် အပန်းဖြေဟိုတယ် အနားယူစခန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများကို စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါသည်။

ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များမှာ-

(၁) Amata Resort and Spa-Ngapali

(၂) Amata Garden Resort-Inle

(၃) Amata Garden Resort-Bagan

(၄) My Bagan Residence by Amata

(၅) Amata Resort and Spa (Andaman) တို့ဖြစ်ပါသည်။

မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက်ကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Oriental Ballooning အမှတ် တံဆိပ်ဖြင့် လူစီးမီးပုံးပျံလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ Oriental Ballooning သည် ပုဂံ၊ မန္တလေး၊ အင်းလေးနှင့် ပေလီကမ်းခြေတို့တွင် ပျံသန်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက်သည် ယခုဘဏ္ဍာရေးနှစ်တွင် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိခဲ့ပါ။

၂။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲခြင်း၏ အခြေခံအချက်များ

(က) လိုက်နာဆောင်ရွက်မှုအခြေအနေ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားပါသည်။

(ခ) တိုင်းတာမှုအခြေခံ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို မူလကျသင့်ငွေ (historical cost) အပေါ်အခြေခံ၍ ပြင်ဆင်ရေးဆွဲထားပါသည်။

(ဂ) ခန့်မှန်းခြေနှင့် ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ချက်များဆောင်ရွက်မှု

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ် ပြင်ဆင်ရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများ၏ ဆင်ခြင်တုံတရားဖြင့်ဆုံးဖြတ်မှု၊ ခန့်မှန်းချက်များနှင့် ယူဆချက်များဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။ ၎င်းတို့သည် စာရင်းကိုင်မူဝါဒများ၊ အစီရင်ခံဖော်ပြသော ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များအပေါ် သက်ရောက်မှုရှိစေပါသည်။ အမှန်ရလဒ်များသည်လည်း ထိုခန့်မှန်းချက်၊ ယူဆချက်များနှင့် ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းချက်များ၊ အခြေခံယူဆချက်များကို စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်ပြီး စာရင်းကိုင်ခန့်မှန်းခြေ ပြင်ဆင်ချက်များကို လက်ရှိစာရင်းကာလနှင့် နောင်ကာလများတွင် စာရင်းရေးသွင်းဆောင်ရွက်ပါသည်။

တန်ဖိုးကျ၍ဆုံးရှုံးမှု

စီမံအုပ်ချုပ်သူများသည် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို သိသိသာသာ သက်ရောက်စေနိုင်သည့် အချို့သော ယူဆချက်များနှင့် ခန့်မှန်းချက်များကို ပြုလုပ်ရမည်။ ထိုကဲ့သို့ ခန့်မှန်းချက်များ၊ ယူဆချက်များ၊ သမ္မာသတိဖြင့် ဆောင်ရွက်မှုများသည် အဓိကအားဖြင့် လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ၏ ခန့်မှန်းအသုံးဝင်သက်တမ်းများ၊ ဝင်ငွေများ၊ ကုန်ကျစရိတ်များ၊ နောင်တချိန်ငွေကြေးစီးဆင်းမှု (Future Cash Flow) နှင့် တန်ဖိုးကျစမ်းသပ်ခြင်းအတွက် အသုံးပြုသည့် Discounted Cash Flow တို့နှင့် သက်ဆိုင်သည်။

ဘဏ္ဍာရေးရှင်းတမ်းများရှိ ပုံသေပိုင်ပစ္စည်း၊ ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများ၊ မြေနှင့် အဆောက်အဦးအသုံးပြုခွင့်များကို အစီရင်ခံတင်ပြခြင်းအပေါ် အကျိုးသက်ရောက်စေနိုင်သော လိုအပ်သည့် ခန့်မှန်းချက်နှင့် ယူဆချက်များကို မှတ်စု ၅၊ ၆ နှင့် ၇ တွင် ဖော်ပြထားပါသည်။

ယူဆချက်များနှင့်အခြေအနေများတွင် ပြောင်းလဲမှုရှိခဲ့လျှင် အသားတင်တန်ဖိုးကို ပြောင်းလဲမှုပြုရန် လိုအပ်ပါသည်။ ၎င်းသည် အနာဂတ်တွင် တန်ဖိုးကျ၍ဆုံးရှုံးမှုများ ထပ်မံဖြစ်ပေါ်လာစေနိုင်သည်။

(ဃ) လုပ်ငန်းပေါင်းစည်းခြင်းအခြေခံများ

(၁) လက်အောက်ခံကုမ္ပဏီများ

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများမှ အကျိုးအမြတ်ရရှိစေသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဘဏ္ဍာရေးမူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုမူဝါဒများကို စီမံဆောင်ရွက်ခွင့်၊ ယေဘုယျအားဖြင့် ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာပိုင်ဆိုင်မှုအရ ကုမ္ပဏီအုပ်စုသည် အဓိကမဲပေးဆုံးဖြတ်ခွင့်ရှိသည့် ကုမ္ပဏီများဖြစ်ပါသည်။ လက်အောက်ခံကုမ္ပဏီများအား ထိန်းချုပ်ခွင့်ကို ကုမ္ပဏီအုပ်စုသို့ လွှဲပြောင်းသည့်နေ့မှစ၍ ဘဏ္ဍာရေးရှင်းတမ်းများပေါင်းစပ်ရေးဆွဲခြင်းကို လုပ်ဆောင်ပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရေးဆွဲရာတွင် အုပ်စုဝင်ကုမ္ပဏီအချင်းချင်းကြား စာရင်းလုပ်ဆောင်ချက်များ၊ လက်ကျန်စာရင်းများနှင့် အမြတ်အစွန်းများကို နုတ်ပယ်၍ရေးဆွဲပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ စာရင်းကိုင်မူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများ နှင့် တသမတ်တည်း ဖြစ်စေရန် လိုအပ်သလိုပြုပြင် ပြောင်းလဲထားပါသည်။

ကုမ္ပဏီအုပ်စုမှ ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ (Non-controlling interest) ဆိုသည်မှာ ကုမ္ပဏီ၏အစုရှယ်ယာရှင်များမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်မှုမရှိသော လက်အောက်ခံကုမ္ပဏီများ၏ အသားတင်ရပိုင်ခွင့်နှင့် လုပ်ငန်းဆောင်ရွက်မှုမှ အသားတင်ရလဒ်များ ဖြစ်သည်။

ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ(**NCI**)ကို ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းနှင့် ဝင်ငွေအလုံးစုံရှင်းတမ်းတို့တွင် သီးခြားဖော်ပြပါသည်။ စုစု

ပေါင်း ဝင်ငွေအလုံးစုံကို လက်အောက်ခံကုမ္ပဏီတွင် ကုမ္ပဏီအုပ်စုက မပိုင်ဆိုင်သော အစုရှယ်ယာပေါ် အခြေခံ၍ ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများသို့ ခွဲဝေပါသည်။

(၂) တွဲဖက်ကုမ္ပဏီများ

တွဲဖက်ကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများအပေါ် သိသာအရေးပါစွာလွှမ်းမိုးနိုင်သော၊ ယေဘုယျအားဖြင့် ၂၀ ရာခိုင်နှုန်းနှင့်အထက် ၅၀ ရာခိုင်နှုန်းထက်မပိုသော ရှယ်ယာပိုင်ဆိုင်ခြင်းမှရရှိသည့် မဲပေးပိုင်ခွင့်ရှိသည့် ကုမ္ပဏီများဖြစ်သော်လည်း ထိန်းချုပ်ခွင့်မရှိပါ။

တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်အသားတင်ရပိုင်ခွင့်မှ တန်ဖိုးကျဆုံးရှုံးမှု (Impairment loss) ကို နုတ်ပယ်၍ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်းသွင်းဖော်ပြပါသည်။

(၃) အသားတင်ရပိုင်ခွင့်နည်းလမ်းဖြင့် စာရင်းရေးသွင်းခြင်း

အသားတင်ရပိုင်ခွင့်နည်းလမ်းဖြင့် စာရင်းရေးဆွဲရာတွင် တွဲဖက်ကုမ္ပဏီများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုပြုပြီး နောက်ပိုင်းပေါ်ပေါက်လာသော အရှုံး၊ အမြတ်ဝေစုကို အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပြီး ၎င်းကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနောက်ပိုင်းကာလတွင်ပေါ်ပေါက်သော အခြားဝင်ငွေအလုံးစုံကို အခြားဝင်ငွေအလုံးစုံအပိုင်းတွင် စာရင်းရေးသွင်းထားပါသည်။ ဝယ်ယူပြီးနောက်ပိုင်း တွဲဖက်ကုမ္ပဏီများထံမှ ခွဲဝေရရှိမှုများကို ရင်းနှီးမြှုပ်နှံမှုများ၏ သယ်ဆောင်တန်ဖိုးပေါ်တွင် စာရင်းညှိနှိုင်းပါသည်။ အခြားမည်သည့်လက်ငင်းမဟုတ်သော အာမခံမှုမရှိသည့် ရပိုင်ခွင့်များအပါအဝင် တွဲဖက်ကုမ္ပဏီတွင်ဖြစ်ပေါ်သည့် ကုမ္ပဏီအုပ်စု၏အရှုံးဝေစုသည် ရရှိမည့်အကျိုးအမြတ်နှင့် တူညီသောအခါတွင်လည်းကောင်း သို့မဟုတ် ကျော်လွန်သောအခါတွင်လည်းကောင်း၊ ကုမ္ပဏီအုပ်စုက ပေးရန်တာဝန်မရှိခဲ့လျှင် သို့မဟုတ် တွဲဖက်ကုမ္ပဏီ၏ ကိုယ်စားပေးချေမှု မပြုလုပ်ခဲ့လျှင် နောက်ထပ်အရှုံးများကို စာရင်းရေးသွင်းမည် မဟုတ်ပါ။

တွဲဖက်ကုမ္ပဏီများနှင့် ကုမ္ပဏီအုပ်စုအကြား စာရင်းလုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ အမှန်မပေါ်ပေါက်ခဲ့သော အမြတ်များ၊ ရပိုင်ခွင့်များနှင့် တန်ဖိုးကျမှုမရှိစေနိုင်သည့် အမှန်မပေါ်ပေါက်ခဲ့သော အရှုံးများကို စာရင်းမှဖယ်ပါသည်။ တွဲဖက်ကုမ္ပဏီများ၏ စာရင်းကိုင်မူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့် တသမတ်တည်းဖြစ်စေရန် လိုအပ်သလို ပြုပြင်ပြောင်းလဲထား ပါသည်။

(၄) တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင် အသားတင်ရပိုင်ခွင့်နည်းလမ်းဖြင့် စာရင်းရေးသွင်းနည်းအရ လုပ်ဆောင်မှုဈေးနှုန်း (လုပ်ဆောင်မှုကုန်ကျစရိတ်အပါအဝင်)ဖြင့် ကနဦးစာရင်းရေးသွင်းပါသည်။ ဝယ်ယူပြီးသည့်နေ့ နောက်ပိုင်းတွင်ဖြစ်ပေါ်လာသည့် ကုမ္ပဏီအုပ်စု၏ အမြတ်(သို့)အရှုံးဝေစုကို သယ်ဆောင်တန်ဖိုးတွင် အတိုးအလျော့ပြုလုပ်၍ စာရင်းဖော်ပြပါသည်။ ကုမ္ပဏီအုပ်စုက အကျိုးအမြတ်ခွဲဝေရရှိသည့်အခါ သယ်ဆောင်တန်ဖိုးတွင် လျှော့ချပါသည်။

၃။ အရေးပါသော စာရင်းကိုင်မူဝါဒများ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲရာတွင် အောက်ဖော်ပြပါ ချမှတ်ထားသည့် စာရင်းကိုင်မူဝါဒများကို နှစ်စဉ်အပြောင်းအလဲမရှိ တသမတ်တည်း လိုက်နာကျင့်သုံးပါသည်။

(က) နိုင်ငံခြားငွေကြေးကို ပြောင်းလဲသတ်မှတ်ခြင်း

ကုမ္ပဏီအုပ်စုသည် စာရင်းမှတ်တမ်းများကို မြန်မာကျပ်ငွေဖြင့် ရေးသွင်းဖော်ပြပါသည်။ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းဆောင်တာ ဆောင်ရွက်သောငွေကြေးမှာ မြန်မာကျပ်ငွေဖြစ်ပြီး စာရင်းဖော်ပြသည့် ငွေကြေးမှာလည်း မြန်မာကျပ်ငွေဖြစ်ပါသည်။

နိုင်ငံခြားငွေဖြင့်ဆောင်ရွက်သော စာရင်းလုပ်ဆောင်ချက်များအတွက် ကုမ္ပဏီအုပ်စုမှသတ်မှတ်သော လစဉ်ငွေလဲလှယ်နှုန်းဖြင့် ပြောင်းလဲဖော်ပြပါသည်။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့ရှိ နိုင်ငံခြားငွေနှင့်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို အမေရိကန် ၁ ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၂,၁၀၀ နှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သော ငွေကြေးအဖြစ်သို့ ပြောင်းလဲဖော်ပြပါသည်။

နိုင်ငံခြားငွေဖြင့် ဆောင်ရွက်သော စာရင်းလုပ်ဆောင်ချက်များ စာရင်းရှင်းလင်းရာတွင်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်ဖော်ပြသည့် ငွေကြေးဆိုင်ရာ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို ပြောင်းလဲသတ်မှတ်ရာတွင်လည်းကောင်း ဖြစ်ပေါ်လာသည့် ငွေကြေးပြောင်းလဲမှုခြားနားချက်များကို အရှုံးအမြတ်စာရင်းနှင့် အခြားဝင်ငွေအလုံးစုံ ဝင်ငွေဖော်ပြချက်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

(ခ) ငွေနှင့်ငွေသားညီမျှခြင်းများ

ဘဏ္ဍာရေးအခြေအနေပြစုပေါင်းရှင်းတမ်းတွင် ဖော်ပြထားသော ငွေနှင့်ငွေသားညီမျှခြင်းများတွင် လက်ဝယ်ရှိငွေသားလက်ကျန်နှင့် ဘဏ်စာရင်းလက်ကျန်တို့ ပါဝင်ပါသည်။

(ဂ) ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိစာရင်းများကို ပြေစာတန်ဖိုးမှ ကြွေးဆုံးလျာထားချက်ကိုနုတ်ပယ်၍ ဖော်ပြပါသည်။ ကြွေးဆုံးလျာထားချက်ကို ဘဏ္ဍာနှစ်ကုန်ဆုံးသောနေ့ရှိ ၃၆၅ ရက်နှင့်အထက် ကျော်လွန်သော ကုန်သွယ်မှုနှင့် အခြားရရန်ရှိများအပေါ် ၁၀ ရာခိုင်နှုန်း လျာထားရန်သတ်မှတ်ထားပါသည်။

(ဃ) ကုန်လက်ကျန်

ကုန်လက်ကျန်တန်ဖိုးများကို မူလကုန်ကျငွေနှင့် ရောင်းချလျှင်ရနိုင်မည့်အသားတင်ရောင်းရငွေ တန်ဖိုးနှစ်ခုအနက် နည်းရာပမာဏဖြင့် တန်ဖိုးသင့်ပါသည်။

ကုန်ကျငွေတွက်ချက်ရာတွင် ဝယ်ယူစရိတ်၊ လက်ရှိအခြေအနေသို့ ရောက်ရှိစေရန် ပြုပြင်ပြောင်းလဲစရိတ်၊ သယ်ယူပို့ဆောင်စရိတ်နှင့် အခြားကုန်ကျစရိတ်များပါဝင်ပြီး အရင်ဝင်အရင်ထွက်နည်းလမ်း (First in first out)ကို အသုံးပြုပါသည်။

ရောင်းချလျှင်ရနိုင်မည့် အသားတင်ရောင်းရငွေ တန်ဖိုးဆိုသည်မှာ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ခန့်မှန်းအရောင်းတန်ဖိုးမှ ကုန်ပစ္စည်းအတွက် နောက်ထပ်ကုန်ကျငွေနှင့် ရောင်းလျှင်ကုန်ကျမည့် အရောင်းကုန်ကျစရိတ်တို့ကို နုတ်၍ရသော အသားတင်တန်ဖိုးဖြစ်သည်။

(c) ပုံသေပိုင်ပစ္စည်း

ပိုင်ဆိုင်သောပစ္စည်း

အဆောက်အဦးမှတပါး ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့လျာထားစရိတ်နှင့် တန်ဖိုးကျ၍ဆုံးရှုံးစရိတ်တို့ကိုနုတ်၍ အသားတင်တန်ဖိုးဖြင့်စာရင်းဖော်ပြပါသည်။ မူရင်းတန်ဖိုးတွင် ပစ္စည်းရယူရာ၌တိုက်ရိုက်ပါဝင်သည့် ကုန်ကျစရိတ်များ ပါဝင်ပါသည်။ ကိုယ်တိုင်တည်ဆောက်သောပစ္စည်းများတွင် ကုန်ကြမ်းဝယ်ယူစရိတ်၊ တိုက်ရိုက်လုပ်အားခနှင့် အသုံးပြုလိုသည့် အနေအထားသို့ ရောက်ရှိအောင် ဆောင်ရွက်ခဲ့ရသောတိုက်ရိုက်ကုန်ကျစရိတ်များ၊ မူလအခြေအနေသို့ ရောက်အောင်ပြန်လည်ထိန်းသိမ်းရမည့်စရိတ်၊ ဖယ်ရှားစရိတ်၊ ပစ္စည်းရယူရာတွင်အသုံးပြုခဲ့သည့် ချေးငွေပေါ်အတိုး၊ စက်ပစ္စည်း၏အစိတ်အပိုင်းအဖြစ် စက်ပစ္စည်းလည်ပတ်စေရန် ဝယ်ယူခဲ့သော ဆော့ဝဲလ် တန်ဖိုးတို့ ပါဝင်ပါသည်။

အသုံးဝင်သက်တမ်း မတူညီသော ပုံသေပိုင်ပစ္စည်းအမျိုးအစားများကို သီးခြားစီ စာရင်းရေးသွင်းဖော်ပြပါသည်။ ပုံသေပိုင်ပစ္စည်းရောင်းရငွေနှင့် ပုံသေပိုင်ပစ္စည်းသယ်ဆောင်တန်ဖိုးတို့ နှိုင်းယှဉ်၍ရရှိလာသော ပုံသေပိုင်ပစ္စည်းရောင်းရငွေအပေါ်အသားတင် အရှုံး/အမြတ်ကို အရှုံးအမြတ်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

တန်ဖိုးပြန်လည်သတ်မှတ်ထားသော ပစ္စည်းများ

ဘဏ္ဍာရေးနှစ် ကုန်ဆုံးသောနေ့တွင် ပုံသေပိုင်ပစ္စည်း၏ စာရင်းသယ်ဆောင်တန်ဖိုးနှင့် သင့်တင့်သောတန်ဖိုး (fair value) သည် သိသိသာသာခြားနားခြင်း မရှိစေရန် လုံလောက်သောပုံမှန်နှုန်းဖြင့် လွတ်လပ်သောရာဖြတ်ပညာရှင်များက တန်ဖိုးပြန်လည်သတ်မှတ်ခြင်းကို ဆောင်ရွက်ပါသည်။

ပုံသေပိုင်ပစ္စည်း တန်ဖိုးပြန်လည်သတ်မှတ်ခြင်းမှ တန်ဖိုးတက်လာခြင်းအတွက် အခြားဝင်ငွေအလုံးစုံနှင့် အသားတင်ရပိုင်ခွင့်တွင် တန်ဖိုးတိုးမြှင့်မှုရန်ပုံငွေအနေဖြင့် စာရင်းဖော်ပြပါသည်။

ယင်းပုံသေပိုင်ပစ္စည်းသည် ယခင်ကတန်ဖိုးကျသဖြင့် အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြခဲ့ပါက လက်ရှိနှစ်၏ အရှုံးအမြတ်စာရင်း၌ ခုနှိမ်ဖော်ပြပါသည်။

ယင်းပုံသေပိုင်ပစ္စည်းသည် တန်ဖိုးလျော့ကျလျှင် ယခင်ကတန်ဖိုးတက်သဖြင့် အခြားဝင်ငွေအလုံးစုံတွင် ဖော်ပြခဲ့သောပမာဏထက် ကျော်လွန်သည့်ပမာဏကို အရှုံးအမြတ်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

တန်ဖိုးပြန်လည်သတ်မှတ်ထားသည့် ပုံသေပိုင်ပစ္စည်းများ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ယင်းပစ္စည်းနှင့်သက်ဆိုင်သော တန်ဖိုးတိုးမြှင့်ရန်ပုံငွေများကို ရောင်းရငွေပေါ်အမြတ် (သို့) အရှုံးတွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အမြတ်လက်ကျန်သို့ တိုက်ရိုက်ပြောင်းရွှေ့ပါသည်။

နောက်ဆက်တွဲကုန်ကျစရိတ်

ပုံသေပိုင်ပစ္စည်းအမျိုးအစားများရှိ အစိတ်အပိုင်းတစ်ခု၏ အစားထိုးကုန်ကျစရိတ်ကို တိတိကျကျတိုင်းတာနိုင်လျှင်သော်လည်းကောင်း၊ ပစ္စည်းနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာအကျိုးအမြတ်သည် အနာဂတ်တွင် ကုမ္ပဏီသို့စီးဝင်နိုင်သည့် အလားအလာရှိလျှင်သော်လည်းကောင်း ပစ္စည်း၏သယ်ဆောင်တန်ဖိုးတွင် စာရင်းသွင်းဖော်ပြပါသည်။

အစားထိုးခံရသောပစ္စည်း၏ သယ်ဆောင်တန်ဖိုးကို စာရင်းမှနုတ်ပယ်ပါသည်။ ပုံသေပိုင်ပစ္စည်း ပြင်ဆင်ထိန်းသိမ်းစရိတ်များကို ကျခံသည့်နှစ်၏ အရှုံးအမြတ်စာရင်းတွင် စာရင်းသွင်းဖော်ပြပါသည်။

တန်ဖိုးလျော့လျာထားခြင်း

ပုံသေပိုင်ပစ္စည်း၏ ကုန်ကျစရိတ် (သို့) အခြားအစားထိုးကုန်ကျစရိတ်ဖြစ်သောတန်ဖိုးလျှော့ချနိုင်သည့် ပမာဏအပေါ်တွင်အခြေခံ၍ တန်ဖိုးလျော့လျာထားခြင်းကို တွက်ချက်ပါသည်။

ပုံသေပိုင်ပစ္စည်းအမျိုးအစားများရှိ အစိတ်အပိုင်းတစ်ခုချင်းစီ၏ ခန့်မှန်းအသုံးဝင်သက်တမ်းအပေါ် အခြေခံ၍ မျဉ်းဖြောင့်နည်းဖြင့် (straight-line basis) တွက်ချက်ပြီး အရှုံးအမြတ်စာရင်းတွင် ကျခံပါသည်။

ခန့်မှန်းအသုံးဝင်သက်တမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	အသုံးဝင်သက်တမ်း
အဆောက်အဦး	၆၀,၅၈,၅၆,၄၉,၂၀ နှစ်
လူစီးမီးပုံးပျံ (၁၅လုံး)	၇ နှစ်
စက်နှင့် စက်ကိရိယာ	၅ နှစ်
ပရိဘောဂ	၅ နှစ်
ရုံးသုံးစက်ကိရိယာ	၃ နှစ်
မော်တော်ယာဉ်	၅ နှစ်
လုပ်ငန်းသုံးကိရိယာပစ္စည်း	၃ နှစ်

တန်ဖိုးလျော့တွက်နည်း၊ အသုံးဝင်သက်တမ်းများနှင့် ကြွင်းကျန်တန်ဖိုး (residual value) များကို ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ညှိနှိုင်းပြင်ဆင်မှုများ လုပ်ဆောင်ပါသည်။ အဆောက်အဦးများ၏ အသုံးဝင်သက်တမ်းမှာ မြေငှားရမ်းမှု သဘောတူညီချက်ပါ သက်တမ်းများအတိုင်း ဖြစ်ပါသည်။

(စ) ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ

ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများကို မူရင်းကုန်ကျစရိတ်မှ စုစုပေါင်းတန်ဖိုးလျော့လျာထားစရိတ်နှင့် တန်ဖိုးကျ၍ဆုံးရှုံးစရိတ်တို့ကိုနုတ်၍ စာရင်းသွင်းဖော်ပြပါသည်။ ထိတွေ့ကိုင်တွယ်၍ မရသောပစ္စည်းများကို စတင်အသုံးပြုနိုင်သည့်နေ့မှစ၍ ခန့်မှန်းသက်တမ်း ၃ နှစ်အပါ အခြေခံ၍မျဉ်းဖြောင့်နည်းဖြင့် (straight-line basis) တန်ဖိုးလျော့လျာထားပါသည်။

(ဆ) နာမည်ကောင်းတန်ဖိုး (Goodwill)

နာမည်ကောင်းတန်ဖိုးမှာ လက်အောက်ခံကုမ္ပဏီကို ဝယ်ယူရသောအဖိုးစားနားနှင့် ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်မှုတို့၏ စုစုပေါင်းတန်ဖိုးသည် ယင်းကုမ္ပဏီ၏ စုစုပေါင်းအသားတင်ရပိုင်ခွင့် ထက်ပိုသောပမာဏဖြစ်ပြီး မူလကုန်ကျစရိတ် (cost) ဖြင့် တိုင်းတာဖော်ပြပါသည်။

ရယူထားသော အသားတင်ရပိုင်ခွင့်၏ကာလတန်ဖိုးသည် ပေးအပ်ရသောအဖိုးစားနားထက်ပိုနေလျှင် ထိုပိုနေသည့်ပမာဏကို အမြတ်အဖြစ် အရှုံးအမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။

(ဇ) ငှားရမ်းမှုများ

ငှားရမ်းသူသည် ငှားရမ်းခြင်းခံရသူထံသို့ သဘောတူညီထားသည့် ကာလတစ်ခုအတွင်း ပိုင်ဆိုင်ပစ္စည်းအသုံးပြုခွင့်အတွက် တလုံးတခဲတည်းငွေပေးချေမှု (သို့) အရစ်ကျငွေပေးချေမှုတို့ကို သဘောတူထားသည့် သဘောတူညီချက် တစ်ခုဖြစ်ပါသည်။

ဘဏ္ဍာရေးအရ ငှားရမ်းခြင်း(Finance lease)

ရပိုင်ခွင့်တစ်ခု၏ ပိုင်ဆိုင်ခွင့်အတွက် ယင်းနှင့်သက်ဆိုင်သော အန္တရာယ်များ၊ အကျိုးအမြတ်အားလုံးကို အလုံးစုံလွှဲပြောင်းပေးသည့် ငှားရမ်းမှုပုံစံဖြစ်ပြီး နောက်ဆုံးတွင် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းကောင်းလွှဲပြောင်းနိုင်သည်။

လုပ်ငန်းဆောင်ရွက်ရေး ငှားရမ်းခြင်း (Operating lease)

ဘဏ္ဍာရေးအရငှားရမ်းခြင်း မဟုတ်သော ငှားရမ်းမှုပုံစံသည် Operating lease လုပ်ငန်းဆောင်ရွက်ရေးငှားရမ်းခြင်းဖြစ်သည်။

ငှားရမ်းခြင်းခံရသူအနေဖြင့်

ငှားရမ်းခြင်းခံရသူအနေဖြင့် ဘဏ္ဍာရေးအရငှားရမ်းထားသော မြေ၊ အဆောက်အဦးကို စတင်ငှားရမ်းသည့်နေ့တွင် အနည်းဆုံးပေးချေရမည့် ငှားရမ်းခ၏ကာလတန်ဖိုးဖြင့် မတည်စရိတ်အဖြစ် စာရင်းဖော်ပြပါသည်။

ငှားရမ်းခပေးချေမှုကို ပေးရန်တာဝန်၏လက်ကျန်ပမာဏအပေါ် ပုံသေအတိုးနှုန်းဖြင့် အတိုးကျသင့်ငွေနှင့် ငှားရမ်းခပေးရန်တာဝန်လျှော့ချငွေတို့ကို အချိုးကျခွဲဝေပါသည်။ အတိုးကျသင့်ငွေကို အရှုံးအမြတ်စာရင်းတွင် စာရင်းကျခံပါသည်။

ငှားရမ်းထားသော မြေ၊ အဆောက်အဦးကို ငှားရမ်းသည့်ကာလကုန်ဆုံးပြီးနောက် ကုမ္ပဏီကပိုင်ဆိုင်ခွင့်မရရှိလျှင် ယင်းပစ္စည်း၏ ခန့်မှန်းအသုံးဝင်သက်တမ်းနှင့် ငှားရမ်းသည့်ကာလတို့ နှစ်ခုအနက် နည်းရာကာလအပေါ်တန်ဖိုးလျော့ လျာထားပါသည်။

လုပ်ငန်းဆောင်ရွက်ရေး ငှားရမ်းခပေးချေမှုကို ငှားရမ်းသည့်ကာလအပေါ် မျဉ်းဖြောင့်နည်းဖြင့် (straight-line basis) တွက်ချက်၍ လုပ်ငန်းအသုံးစရိတ်အဖြစ် အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြပါသည်။

(စျ) ကုန်သွယ်မှုနှင့် အခြားပေးရန်တာဝန်များ

ကုန်သွယ်မှုနှင့် အခြားပေးရန်တာဝန်များကို မူရင်းကုန်ကျစရိတ်ဖြင့် ဖော်ပြပါသည်။

(ည) မတည်ရင်းနှီးငွေ

သာမန်အစုရှယ်ယာ

သာမန်အစုရှယ်ယာများကို အသားတင်ရပိုင်ခွင့်အဖြစ် အမျိုးအစားသတ်မှတ်ပါသည်။ သာမန်အစုရှယ်ယာထုတ်ဝေရာတွင် တိုက်ရိုက်ကုန်ကျစရိတ်များနှင့် ရှယ်ယာရွှေးချယ်ခွင့်များ၏ အခွန်နုတ်ပယ်ပြီး အသားတင်ပမာဏကို အသားတင်ရပိုင်ခွင့်တွင် လျှော့ချ၍ စာရင်းဖော်ပြပါသည်။

(ဋ) ဝင်ငွေ

ဝင်ငွေကို ကုန်ရောင်းလျှော့ဈေးနုတ်ပယ်ပြီး ကုန်သွယ်လုပ်ငန်းခွန်မပါ အသားတင်ရောင်းရငွေဖြင့် စာရင်းဖော်ပြပါသည်။

ဟိုတယ်လုပ်ငန်းမှရငွေ

အခန်းငှားခကို အခန်းငှားရမ်းရသည့်အခါတွင်လည်းကောင်း၊ အစားအသောက်နှင့် အဖျော်ယမကာများကို ရောင်းချပြီးသည့်အခါတွင်လည်းကောင်း၊ ဝန်ဆောင်မှုကို ဆောင်ရွက်ပြီးသည့်အခါတွင်လည်းကောင်း ဟိုတယ်လုပ်ငန်းမှရငွေအဖြစ် စာရင်းဖော်ပြပါသည်။

လူစီးမီးပုံးပျံ ပျံသန်းခြင်းမှရငွေ

မီးပုံးပျံစီးနင်းခနှင့် ဆက်စပ်ဝန်ဆောင်မှုများမှရငွေကို ဝန်ဆောင်မှုဆောင်ရွက်ပြီးသည့်အခါ အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြပါသည်။

(ဌ) ငှားရမ်းခပေးချေမှု

လုပ်ငန်းဆောင်ရွက်ရေးငှားရမ်းခ ပေးချေမှုကို ငှားရမ်းသည့်ကာလအပေါ် မျဉ်းဖြောင့်နည်းဖြင့်(straight-line basis) တွက်ချက်၍ လုပ်ငန်းအသုံးစရိတ်အဖြစ် အရှုံးအမြတ်စာရင်းတွင် စာရင်းဖော်ပြပါသည်။

ပေးရန်ိုင်ချေရှိသည့် ငှားရမ်းခများအတွက် ငှားရမ်းသည့်ကာလ အတည်ဖြစ်သောအခါတွင် လက်ကျန်ကာလအပေါ် အနည်းဆုံးပေးချေရမည့် ငှားရမ်းခကိုပြင်ဆင်၍ စာရင်းဖော်ပြပါသည်။

(ဍ) ဝင်ငွေခွန်

ဝင်ငွေခွန်အသုံးစရိတ်တွင် သက်ဆိုင်ရာစာရင်းကာလအတွက် ပေးသွင်းရမည့်ကျသင့်ဝင်ငွေခွန်နှင့် ရွှေ့ဆိုင်းထားသောအခွန်တို့ပါဝင်ပါသည်။ စီးပွားရေးလုပ်ငန်းပေါင်းစပ်ခြင်းနှင့်သက်ဆိုင်သော ကျသင့်ခွန်များ (သို့မဟုတ်) အသားတင်ရပိုင်ခွင့်တွင် တိုက်ရိုက်စာရင်းဖော်ပြသော အမျိုးအစားများနှင့် သက်ဆိုင်သောအခွန်များမှတပါး ဝင်ငွေခွန်ကို အရှုံးအမြတ်စာရင်းတွင် ဖော်ပြပါသည်။

သက်ဆိုင်ရာစာရင်းကာလအတွက် ကျသင့်ဝင်ငွေခွန်ဆိုသည်မှာ စာရင်းကာလအတွက် အခွန်စည်းကြပ်ထိုက်သည့်ဝင်ငွေ (သို့) အရှုံးအပေါ်တွင် ပေးရန်ရှိသည့် (သို့) ရရန်ရှိသည့် အခွန်ဖြစ်ပါသည်။

ကျသင့်ဝင်ငွေခွန်ကို စာရင်းကာလအတွက် ပြဋ္ဌာန်းထားသည့် အခွန်နှုန်းဖြင့်တွက်ချက်ပါသည်။ ထို့ပြင်ယခင်နှစ်နှင့် သက်ဆိုင်သော ပေးရန်ရှိအခွန်များ ညှိနှိုင်းချက်များလည်း တွက်ချက်မှုတွင် ပါဝင်ပါသည်။

ရွှေ့ဆိုင်းထားသောအခွန်ဆိုသည်မှာ ဘဏ္ဍာရေးအစီရင်ခံခြင်း ရှုထောင့်မှတွက်ချက်ထားသည့် ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်များ၏ အသားတင်ပမာဏနှင့် အခွန်ရှုထောင့်မှ တွက်ချက်ထားသော ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်တို့ကြား ယာယီခြားနားချက်ကြောင့် ဖြစ်ပေါ်လာသည့် အခွန်ဖြစ်သည်။ ရွှေ့ဆိုင်းအခွန်ကို အောက်ဖော်ပြပါခြားနားချက်များအတွက် စာရင်းသွင်းဖော်ပြခြင်းမပြုပါ။

- နာမည်ကောင်းတန်ဖိုးကို ကနဦးစာရင်းသွင်းခြင်း
- စီးပွားရေးလုပ်ငန်းပေါင်းစပ်ခြင်းမဟုတ်သည့် ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ကနဦးစာရင်းသွင်းခြင်း
- အခွန်စည်းကြပ်သည့် ဝင်ငွေ (သို့) အရှုံးကို လည်းကောင်း၊ စာရင်းအရ အမြတ်(သို့) အရှုံးကိုလည်းကောင်း သက်ရောက်မှုမရှိသည့် စာရင်းလုပ်ဆောင်ချက်များ

သက်ဆိုင်ရာကာလအတွက် ပေးသွင်းရမည့်အခွန်နှင့် ရွှေ့ဆိုင်းအခွန်တို့ကို သတ်မှတ်ရာတွင် ကုမ္ပဏီအုပ်စုသည် မသေချာသောအခွန်အနေအထားများ၏ သက်ရောက်မှုနှင့် နောက်ထပ်အခွန်များ၊ အတိုးများ ပေးရနိုင်ချေရှိ၊ မရှိထည့်သွင်းစဉ်းစားပါသည်။

အခွန်ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ယခင်နှစ်အတွေ့အကြုံများအပါအဝင် အချက်အလက်များစွာကို အကဲဖြတ်ထားမှုအပေါ်အခြေခံ၍ အခွန်ပေးရန်လျာထားမှုများအတွက် လုံလောက်မှုရှိကြောင်း ကုမ္ပဏီအုပ်စုက ယုံကြည်ပါသည်။ ယင်းအကဲဖြတ်ချက်များသည် ခန့်မှန်းခြေများ၊ ယူဆချက်များအပေါ်မူတည်၍ အနာဂတ်ကာလ ဖြစ်ရပ်များအတွက် ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ချက်များ ပါဝင်နိုင်ပါသည်။ ရရှိလာသော သတင်းအချက်အလက်များကြောင့် လက်ရှိအခွန်ပေးရန်တာဝန်လျာထားမှုနှင့် ပတ်သတ်ပြီး ဆုံးဖြတ်ချက်များ ပြောင်းလဲနိုင်ပါသည်။

ရွှေ့ဆိုင်းထားသောရရန်ရှိသောအခွန်များကို ယာယီခြားနားချက်ကိုအသုံးပြုနိုင်သည့် အခွန်စည်းကြပ်ထိုက်သော ဝင်ငွေရှိနိုင်မှသာ စာရင်းဖော်ပြပါသည်။ ရွှေ့ဆိုင်းထားသော ရရန်ရှိသောအခွန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ပြန်လည်သုံးသပ်ပြီး ယင်းနှင့်ဆက်စပ်နေသည့် အခွန်အကျိုးအမြတ်ရရှိနိုင်သည့်အလားအလာရှိတော့လျှင် စာရင်းမှလျှော့ချပါသည်။

(ပ) ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များ တန်ဖိုးကျခြင်း

ကုမ္ပဏီအုပ်စုသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်နေ့တွင် ယင်း၏ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များကို တန်ဖိုးကျစေသည့် သိသာထင်ရှားသောအထောက်အထားရှိ/မရှိ အကဲဖြတ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်များကို ကနဦးစာရင်းသွင်းပြီးနောက် ဖြစ်ပေါ်လာသည့် ဖြစ်ရပ်(သို့) တစ်ခုထက်ပိုသောဖြစ်ရပ်များကြောင့် တန်ဖိုးကျစေနိုင်ကြောင်း သိသာထင်ရှားသောအထောက်အထား ရှိလျှင်သော်လည်းကောင်း၊ ထိုဖြစ်ရပ်များသည် ဘဏ္ဍာရေးဆိုင်ရာ ရပိုင်ခွင့်များမှ ငွေသားစီးဝင်မှုကို သက်ရောက်မှုရှိစေနိုင်ပြီး ယင်းသက်ရောက်မှုကို ယုံကြည်စိတ်ချရစွာ ခန့်မှန်းနိုင်လျှင်သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာရပိုင်ခွင့်သည် တန်ဖိုးကျဆင်းစေပြီး ယင်းတန်ဖိုးကျဆင်းမှုကို စာရင်းတွင်ဖော်ပြပါသည်။

(ဏ) ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်းများ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ပြင်ဆင်ရေးဆွဲရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီအုပ်စုသည် အဖွဲ့အစည်းတစ်ခု၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်သည့်အပေါ် သိသာအရေးပါစွာ လွှမ်းမိုးခွင့်ရှိလျှင်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်ခွင့်သို့မဟုတ် ဖက်စပ်ထိန်းချုပ်ခွင့်ရှိလျှင်သော်လည်းကောင်း ယင်းအဖွဲ့အစည်းသည် ကုမ္ပဏီအုပ်စုနှင့် ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများဖြစ်သည်။ ကုမ္ပဏီအုပ်စုနှင့် ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများသည် တစ်ဦးချင်းပုဂ္ဂိုလ် များဖြစ်နိုင်ပြီး ကုမ္ပဏီအဖွဲ့အစည်းများလည်း ဖြစ်နိုင်ပါသည်။

ဆက်နွယ်ပတ်သက်သောအဖွဲ့ အစည်းများနှင့် ဆက်နွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမည်	ဆက်နွယ်မှုပုံစံ
ယူနိုက်တက်အင်တာနယ်ရှင်နယ်ဂရု(ပ်)လီမိတက်	လက်အောက်ခံကုမ္ပဏီ
မြန်မာဘလွန်းနင်းကုမ္ပဏီလီမိတက်	လက်အောက်ခံကုမ္ပဏီ
အမတ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်	လက်အောက်ခံကုမ္ပဏီနှင့် ဆက်စပ်ကုမ္ပဏီ
အဝက်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက်	လက်အောက်ခံကုမ္ပဏီနှင့် ဆက်စပ်ကုမ္ပဏီ
ဦးဝင်းအောင်	မန်နေးဂျင်းဒါရိုက်တာ

စာရင်းလုပ်ဆောင်ချက် သီးသန့်အမျိုးအစားများအတွက် ဈေးနှုန်းမူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စာရင်းလုပ်ဆောင်ချက်	ဈေးနှုန်းမူဝါဒ
မြေငှားရမ်းမှု	စာချုပ်ပါသဘောတူညီထားသောဈေးနှုန်း

၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် သိသာထင်ရှားသော စာရင်းလုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ဆက်နွယ်သောအဖွဲ့အစည်းထံမှ ရရန်ရှိ	**၂၀,၃၈၃**	**၃၉,၇၆၉**
ဆက်နွယ်သောအဖွဲ့အစည်းသို့ပေးရန်တာဝန်	**၃,၇၅၁,၂၃၈**	**၂,၂၇၉,၉၇၁**

ကုမ္ပဏီအုပ်စုသည် ပတ်သက်ဆက်နွယ်သောအဖွဲ့အစည်းနှင့် အောက်ဖော်ပြပါအတိုင်း မြေငှားရမ်းမှုသဘောတူစာချုပ်များ ချုပ်ဆိုထားပါသည်-

Amata Resort & Spa-Ngapali	၁၅ နှစ်
Amata Garden Resort-Bagan	၁၅ နှစ်
My Bagan Residence by Amata	၁၅ နှစ်

၄။ ကုမ္ပဏီ၏ လုပ်ငန်းတစ်ခု ရောင်းချခြင်း

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက် တွင် -

၂၀၂၃ ခုနှစ်၊ ဧပြီလ ၃ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒါရိုက်တာအဖွဲ့သည် “My Hpa-an Residence by Amata” ဟိုတယ်ကို အဝက်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက်သို့ ရောင်းချရန် ဆုံးဖြတ်ခဲ့ပါသည်။ ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၇ရက်နေ့တွင် “My Hpa-An Residence by Amata” ဟိုတယ်၏ လုပ်ငန်း/အဆောက်အဦးနှင့် ဆက်စပ်ပစ္စည်းများ နှစ်ဦးသဘောတူလွှဲပြောင်းခြင်းကတိစာချုပ်ကို အဝက်ဟိုး(လ်)ဒင်းကုမ္ပဏီလီမိတက်နှင့်ချုပ်ဆိုခဲ့ပါသည်။ ရောင်းချသည့်လုပ်ငန်း၏အရောင်းအဝယ်တန်ဖိုးမှ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၁,၄၀၃,၃၁၂ ဖြစ်ပြီး ထိုသို့ရောင်းချရာတွင် အသားတင်အရင်းတန်ဖိုးဖြင့် ရောင်းချခြင်း ဖြစ်သောကြောင့် မြတ်စွန်းငွေ သို့မဟုတ် အရှုံး ပေါ်ပေါက်လာခြင်းမရှိပါ။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

မှတ်ပုံတင်အမှတ် - ၁၀၀၄၅၅၆၁၁၂၅

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

ရောင်းချသည့်နေ့ရှိ “My Hpa-an Residence by Amata” ဟိုတယ်၏ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်တန်ဖိုး အသေးစိတ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	ကျပ်ထောင်ပေါင်း
စုစုပေါင်းရပိုင်ခွင့်များ (ငွေသားနှင့်ငွေသားညီမျှခြင်းလက်ကျန်များမှအပ)	၁,၆၂၃,၈၀၀
ငွေသားနှင့်ငွေသားညီမျှခြင်းလက်ကျန်များ	၇,၅၄၀
စုစုပေါင်းရပိုင်ခွင့်များ	**၁,၆၃၁,၃၄၀**
စုစုပေါင်းပေးရန်တာဝန်များ	၂၂၈,၀၂၈
အရောင်းအဝယ်တန်ဖိုး	**၁,၄၀၃,၃၁၂**

ယင်းအရောင်းအဝယ်တန်ဖိုး မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၁,၄၀၃,၃၁၂ ကို ၂၀၂၄ခုနှစ်၊ မတ်လ ၃၁ ရက် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွင်းတွင် လက်ခံရရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများအောက်တွင် လုပ်ငန်းတစ်ခုရောင်းချခြင်းမှ ရငွေအဖြစ် ဖော်ပြထားပါသည်။

ထိုသို့ရောင်းချရာတွင် ကုမ္ပဏီသည် “My Hpa-an Residence by Amata” ဟိုတယ်ကို တန်ဖိုးပြန်လည်သတ်မှတ်ခြင်းမပြုဘဲ ရောင်းချခဲ့ပါသည်။

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

မှတ်ပုံတင်အမှတ် - ၁၀၀၄၅၅၆၁၁၂၅

ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်အပေါ်မှတ်စုများ

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

၅။ ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့လျာထားစရိတ်ကို နုတ်၍အသားတင်တန်ဖိုးဖြင့်စာရင်းဖော်ပြထားပြီး အသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	အဆောက်အဦး	ရုံးသုံးစက်ကိရိယာ	စက်နှင့် စက်ကိရိယာ	ပရိဘောဂ	ကွန်ပျူတာနှင့် စက်ပစ္စည်းများ	မော်တော်ယာဉ်	လူစီးမီးပုံးပျံများ (၁၅လုံး)	လှေနှင့်စက်ဘီး	အခြား	ဟိုတယ်လုပ်ငန်း သုံး ပစ္စည်းများ	ကျပ်ထောင်ပေါင်း တည်ဆောက်ဆဲ လုပ်ငန်းများ	စုစုပေါင်း
မူရင်းတန်ဖိုး												
စာရင်းဖွင့်လက်ကျန်	၅၄,၃၁၂,၁၁၃	၃၁၈,၅၃၄	၁,၃၁၆,၈၁၂	၂,၀၂၅,၆၀၆	၃၈၀,၁၇၉	၆၆၂,၆၆၂	၂,၃၂၉,၅၇၀	၂၃၈,၂၉၉	၁၂၉,၃၈၈	၁,၁၆၅,၄၆၅	၉၃,၄၈၀	၆၂,၉၇၂,၁၀၈
ထပ်မံတိုးချဲ့ခြင်းနှင့် ဝယ်ယူခြင်းများ	-	၁,၁၉၅	၁၅,၈၂၈	-	-	-	-	-	-	၅၉၅	၆,၆၅၇	၂၄,၂၇၅
အခြေပစ္စည်းရောင်းချခြင်း	-	-	(၄၅,၁၀၉)	-	-	(၅၆,၈၈၈)	-	-	-	-	-	(၁၀၁,၉၉၇)
ဟိုတယ် အချင်းချင်း လွှဲပြောင်းခြင်း	၁၈,၁၈၈	-	-	-	-	-	-	-	-	-	(၁၈,၁၈၈)	-
စာရင်းပိတ်လက်ကျန်	**၅၄,၃၃၀,၃၀၁**	**၃၁၉,၇၂၉**	**၁,၂၈၇,၅၃၁**	**၂,၀၂၅,၆၀၆**	**၃၈၀,၁၇၉**	**၆၀၅,၇၇၄**	**၂,၃၂၉,၅၇၀**	**၂၃၈,၂၈၉**	**၁၂၉,၃၈၈**	**၁,၁၆၆,၀၆၀**	**၈၁,၉၄၉**	**၆၂,၈၉၄,၃၈၆**
စုစုပေါင်း တန်ဖိုးလျော့လျာထားစရိတ်												
စာရင်းဖွင့်လက်ကျန်	၆,၈၅၉,၄၀၉	၃၀၆,၉၈၇	၁,၁၄၄,၄၇၆	၁,၉၈၀,၇၄၃	၃၃၂,၆၉၆	၆၄၃,၈၆၀	၂,၁၁၁,၁၆၂	၂၁၄,၄၇၈	၁၁၇,၅၁၆	၁,၀၉၀,၄၂၇	-	၁၄,၈၀၀,၇၅၄
နှစ်အတွင်းတန်ဖိုးလျော့များ	၉၇၂,၄၄၇	၉,၈၈၃	၄၂,၈၇၄	၁၈,၅၇၂	၃၁,၆၉၇	၆,၃၈၉	၉၄,၅၂၄	၂၄,၄၈၁	၃,၆၈၄	၂၇,၁၇၁	-	၁,၂၃၁,၇၂၂
အခြေပစ္စည်းရောင်းချခြင်း	-	-	-	-	-	(၅၆,၈၈၆)	-	-	-	-	-	(၅၆,၈၈၆)
စာရင်းပိတ်လက်ကျန်	**၇,၈၃၁,၈၅၆**	**၃၁၆,၈၇၀**	**၁,၁၈၇,၃၅၀**	**၁,၉၉၉,၃၁၅**	**၃၆၄,၃၉၃**	**၅၃၇,၃၆၃**	**၂,၂၀၅,၆၈၆**	**၂၃၇,၉၅၉**	**၁၂၁,၂၀၀**	**၁,၁၁၇,၅၉၈**	**-**	**၁၅,၉၇၅,၅၉၀**

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ

မှတ်ပုံတင်အမှတ် - ၁၀၀၄၅၅၆၁၂၅

ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်အပေါ်မှတ်စုများ

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်အတွက်

ကျပ်ထောင်ပေါင်း

	အဆောက်အဦး	ရုံးသုံးစက်ကိရိယာ	စက်နှင့်စက်ကိရိယာ	ပရိဘောဂ	ကွန်ပျူတာနှင့်စက်ပစ္စည်းများ	မော်တော်ယာဉ်	လူစီးမီးပုံးပျံများ (၁၅လုံး)	လေနှင့်စက်ဘီး	အခြား	ဟိုတယ်လုပ်ငန်းသုံး ပစ္စည်းများ	တည်ဆောက်ဆဲ လုပ်ငန်းများ	စုစုပေါင်း
စုစုပေါင်းတန်ဖိုးကျခြင်းအတွက် လျှာထားချက်များ												
စာရင်းဖွင့်လက်ကျန်	-	-	-	-	-	-	-	-	-	-	-	-
နှစ်အတွင်းလျှာထားချက်များ (မှတ်စု-၃၀)	၁,၃၀၆,၃၂၆	၁၉၅	၈၀၃	၄၉၃	၉၁	-	-	၁	၇၃	၂,၈၇၉	၇,၄၄၀	၁,၃၁၈,၃၀၁
စာရင်းပိတ်လက်ကျန်	**၁,၃၀၆,၃၂၆**	**၁၉၅**	**၈၀၃**	**၄၉၃**	**၉၁**	**-**	**-**	**၁**	**၇၃**	**၂,၈၇၉**	**၇,၄၄၀**	**၁,၃၁၈,၃၀၁**
အသားတင်တန်ဖိုး												
စာရင်းပိတ်လက်ကျန်	၄၅,၁၉၂,၁၁၉	၂,၆၆၄	၉၉,၃၇၈	၂၅,၇၉၈	၁၅,၆၉၅	၁,၄၁၁	၁၂,၈၈၄	၃၃၉	၈,၁၁၅	၄၅,၅၈၃	၇၄,၅၀၉	၄၅,၆၀၀,၄၉၅
စာရင်းဖွင့်လက်ကျန်	၄၇,၄၅၂,၇၀၄	၁၁,၅၄၇	၁၇,၃၃၆	၄၄,၈၆၃	၄၇,၄၈၃	၁၈,၈၀၂	၂၁၈,၄၀၈	၂၄,၈၂၁	၁၁,၈၇၂	၇၅,၀၃၈	၉၃,၄၈၀	၄၈,၁၇၁,၃၅၄

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက် တွင် -

"Amata Resort and Spa (Andaman)" သည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ မြိတ်ကျွန်းစုအတွင်းရှိ ဖိုးနီကျွန်းတွင် တည်ရှိပါသည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့(လုပ်ကိုင်ခွင့်ပြုသူ) နှင့် Amata International Co., Ltd (လုပ်ကိုင်ခွင့်ရသူ)တို့အကြား Diving Resort & Recreation Centre တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် ထိုကျွန်းမြေနေရာကို နှစ်ပေါင်း(၅၀) ငှားရမ်းအသုံးပြုခွင့်ရှိပြီး သက်တမ်းပြည့်သည့်အခါ လုပ်ကိုင်ခွင့်ရသူသည် ဆက်လက်ငှားရမ်းခြင်း လုပ်ကိုင်ဆောင်ရွက်လိုပါက တစ်ကြိမ်လျှင်(၁၀)နှစ်စီဖြင့် (၂)ကြိမ် ဆက်လက်ငှားရမ်းသုံးစွဲခွင့်ပြုရန် တင်ပြဆောင်ရွက်ခွင့်ရှိပါသည်။ ထိုသဘောတူစာချုပ်တွင် လုပ်ကိုင်ခွင့်ရသူသည် တဆင့်ငှားရမ်းခြင်း၊ အခြားသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရဟု အတိအလင်းဖော်ပြထားပါသည်။

Amata Resort and Spa (Andaman)ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ပြီး ၎င်း၏အဆောက်အဦးတန်ဖိုးငွေ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၄,၁၃၃,၉၇၆ ကို ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်၏ ပုံသေပိုင်ပစ္စည်းစာရင်းတွင် တစ်ဆင့် ပြန်လည်အငှားချထားမှု ခွင့်ပြုမိန့်မရှိပဲ စာရင်းရေးသွင်းထားသည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်ဆင့်ပြန်လည် အငှားချထားမှုခွင့်ပြုမိန့်ကို ယခု အစီရင်ခံစာထုတ်ပြန်သည့်အချိန်ထိ မရရှိသေးပါ။

အထက်ပါ ဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ကုန်ဆုံးသောဘဏ္ဍာနှစ်အတွက် ဟိုတယ်၏ ပုံသေပိုင် ပစ္စည်းတန်ဖိုးလျော့လျာထားစရိတ်မှာ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၆၈,၉၀၀ ဖြစ်ပါသည်။ (မှတ်စု ၇ နှင့် ၂၂)

၆။ ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများ

ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့လျာထားစရိတ်ကိုနုတ်၍ အသားတင်တန်ဖိုးဖြင့် စာရင်းဖော်ပြထားပြီး အသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
မူရင်းတန်ဖိုး	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၃၇၁,၄၆၃
နှစ်အတွင်းဝယ်ယူမှုများ	-
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၃၇၁,၄၆၃**
စုစုပေါင်း တန်ဖိုးလျော့လျာထားစရိတ်	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၃၅၂,၉၀၁
နှစ်အတွင်းတန်ဖိုးလျော့များ	၆,၄၇၀
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၃၅၉,၃၇၁**
စုစုပေါင်း တန်ဖိုးကျခြင်းအတွက်လျာထားချက်များ	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	-
နှစ်အတွင်းလျာထားချက်များ (မှတ်စု-၃၀)	၁
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁**
အသားတင်တန်ဖိုး	
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁၂,၀၉၁**
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	**၁၈,၅၆၂**

၇။ မြေနှင့်အဆောက်အဦးအသုံးပြုခွင့်

အသေးစိတ်ကိုအောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
မူရင်းတန်ဖိုး	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၁,၁၄၆,၈၉၂
ထပ်တိုးများ	၁၂၀,၃၀၈
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁,၂၆၇,၂၀၀**
စုစုပေါင်း တန်ဖိုးလျော့လျာထားစရိတ်	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၁၀၅,၅၉၂
နှစ်အတွင်းတန်ဖိုးလျော့များ	၂၂,၂၆၀
စာရင်းညှိနှိုင်းချက်	(၃,၉၆၀)
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁၂၃,၈၉၂**
စုစုပေါင်း တန်ဖိုးကျခြင်းအတွက် လျာထားချက်များ	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	-
နှစ်အတွင်းလျာထားချက်များ (မှတ်စု-၃၀)	၂၀,၆၂၁
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၂၀,၆၂၁**
အသားတင်တန်ဖိုး	
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁,၁၂၂,၆၈၇**
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	**၁,၀၄၁,၃၀၀**

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက် တွင် -

မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက် သတ်မှတ်ထားသောအသုံးဝင်သက်တမ်းမှာ ငှားရမ်းခြင်းစာချုပ်များနှင့် ကိုက်ညီမှုမရှိပါ။ အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	စာချုပ်အရ ငှားရမ်းခြင်းကာလ	**အသုံးဝင်သက်တမ်း**
Amata Resort & Spa- Ngapali	၁၅ နှစ်	၅၈ နှစ်
Amata Garden Resort – Bagan	၁၅ နှစ်	၆၀ နှစ်
My Bagan Residence by Amata	၁၅ နှစ်	၄၉ နှစ်
Amata Garden Resort Inle Lake	၅၀ နှစ်	၅၆ နှစ်
Amata Resort and Spa - Andaman	စာချုပ်ချုပ်ဆိုထားခြင်းမရှိပါ။	၇၀ နှစ်

“Amata Resort and Spa (Andaman)” သည် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ မြိတ်ကျွန်းစုအတွင်းရှိ ဖိုးနီကျွန်း တွင် တည်ရှိပါသည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့(လုပ်ကိုင်ခွင့်ပြုသူ) နှင့် Amata International Co., Ltd (လုပ်ကိုင်ခွင့်ရသူ) တို့အကြား Diving Resort & Recreation Centre တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် ထိုကျွန်းမြေနေရာကို နှစ်ပေါင်း(၅၀) ငှားရမ်းအသုံးပြုခွင့်ရှိပြီး သက်တမ်းပြည့်သည့်အခါ လုပ်ကိုင်ခွင့်

ရသူသည် ဆက်လက်ငှားရမ်းခြင်း လုပ်ကိုင်ဆောင်ရွက်လိုပါက တစ်ကြိမ်လျှင် (၁၀)နှစ်စီဖြင့် (၂)ကြိမ် ဆက်လက်ငှားရမ်းသုံးစွဲခွင့်ပြုရန် တင်ပြဆောင်ရွက်ခွင့်ရှိပါသည်။ ထိုသဘောတူစာချုပ်တွင် လုပ်ကိုင်ခွင့်ရသူသည် တဆင့်ငှားရမ်းခြင်း၊ အခြားသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ ဟု အတိအလင်းဖော်ပြထားပါသည်။

ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများ၏ရည်ရွယ်ချက်မှာ အဆိုပါမြေယာအား အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် မှ ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်သို့ တဆင့်ပြန်လည်ငှားရမ်းရန်ဖြစ်ပါသည်။ ထိုသို့တဆင့်ပြန်လည်ငှားရမ်းရန် ကုမ္ပဏီသည် တနည်းဂရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထံသို့ တဆင့်ပြန်လည်အငှားချထားမှုခွင့်ပြုမိန့်ကို တောင်းခံထားဆဲဖြစ်ပါသည်။

တနည်းဂရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တဆင့်ပြန်လည်အငှားချထားမှု ခွင့်ပြုမိန့်ကို ယခုအစီရင်ခံစာထုတ်ပြန်သည့်အချိန်ထိ မရရှိသေးပါ။

Amata Resort and Spa (Andaman) သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့ပြီး ၎င်း၏မြေနှင့်အဆောက်အဦးအသုံးပြုခွင့်တန်ဖိုးငွေ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၄၆၄,၄၂၇ ကို ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်)လီမိတက်၏ အဆောက်အဦးအသုံးပြုခွင့် စာရင်းတွင် စာရင်းရေးသွင်းထားသည်။ သို့သော်လည်း အမတအင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်နှင့် ချုပ်ဆိုထားသော မြေငှားရမ်းခြင်းသဘောတူညီမှုစာချုပ်ကို မရရှိသောကြောင့် အဆိုပါမြေများကို တိုက်ရိုက် အသုံးပြုခွင့်/အငှားချခြင်းအတွက်ခွင့်ပြုချက်၊ မြေယာအသုံးပြုမှု ဆောက်လုပ်ရေးခွင့်ပြုချက်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ငှားရမ်းမှုကာလ၊ နှစ်စဉ်ငှားရမ်းခများ အစရှိသည်တို့ကို အတည်ပြုသုံးသပ်နိုင်ခြင်းမရှိခဲ့ပါ။

အထက်ပါဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်ကုန်ဆုံးသောနှစ်အတွက် မြေနှင့်အဆောက်အဦးအသုံးပြုခွင့်၏တန်ဖိုးလျော့လျာထားစရိတ်မှာ မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း) ၆,၉၃၂ ဖြစ်ပါသည်။ (မှတ်စု ၅ နှင့် ၂၂)

၈။ ကုန်လက်ကျန်များ

အသေးစိတ်ကိုအောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
အစားအသောက်နှင့်အဖျော်ယမကာများ	၉,၀၅၀	၁၇,၃၈၈
အထောက်အပံ့ပစ္စည်းများ	၅၉,၈၅၇	၆၇,၀၃၄
ဒီဇယ်ဆီ နှင့် ဓာတ်ငွေ့	၁၅,၀၂၂	၂၁,၉၈၀
အမှတ်တရလက်ဆောင်ပစ္စည်းများ	၃,၆၀၄	၃,၆၀၉
	၈၇,၅၃၃	**၁၁၀,၀၁၁**

၉။ ရရန်ရှိစာရင်း

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ခရီးသွားဧည့်သည်နှင့်ဝန်ဆောင်မှုလုပ်ငန်း	၁၄,၈၅၆	၅၃,၀၃၂
အခြားရရန်ရှိ	၅၀	–
ကြွေးဆုံးလျာထားချက်များ	(၁,၄၆၁)	(၅,၀၂၆)
	၁၃,၄၄၅	**၄၈,၀၀၆**

၁၀။ စရန်ငွေများနှင့် ကြိုတင်ပေးချေထားသော စာရင်းများ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
စရန်ငွေများ	၁၅,၀၁၀	၃,၇၅၃
ကြိုပေးငွေများ - အာမခံ	၂၆,၀၅၈	၂၆,၅၁၅
- အခြား	၅,၆၉၃	၃,၂၉၉
	၄၆,၇၆၁	**၃၃,၅၆၇**

၁၁။ ကြိုတင်ခွန်များ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ဝင်ငွေခွန်	၁,၀၆၆	၁,၀၆၆
ကုန်သွယ်လုပ်ငန်းခွန် (က)	၅,၆၄၀	၁၄,၄၉၂
	၆,၇၀၆	**၁၅,၅၅၈**

(က) ကုန်သွယ်လုပ်ငန်းခွန်

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
စာရင်းဖွင့်လက်ကျန်	၁၄,၄၉၂	၂၄,၄၉၃
နှစ်အတွင်းကြိုတင်ခွန်ပေးသွင်းခြင်း	၁,၇၃၀	၃,၅၆၂
အခွန်စည်းကြပ်ပြီးနောက် ပေးရန်ရှိအခွန်	(၁၀,၅၈၂)	(၁၃,၄၁၄)
စာရင်းညှိနှိုင်းမှုများ	-	(၁၇၉)
စာရင်းပိတ်လက်ကျန်	**၅,၆၄၀**	**၁၄,၄၉၂**

၁၂။ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
အဝက်ဟိုး(လ်)ဒင်း ကုမ္ပဏီလီမိတက်	၂၀,၃၈၃	၃၉,၇၆၉
	၂၀,၃၈၃	**၃၉,၇၆၉**

၁၃။ ငွေသားနှင့်ငွေသားညီမျှခြင်းလက်ကျန်များ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ငွေသားလက်ကျန်	၁၉,၁၀၇	၂၀,၄၉၃
ဘဏ်စာရင်းလက်ကျန်	၅,၂၅၇	၁၁,၀၀၁
	၂၄,၃၆၄	၃၁,၄၉၄

၁၄။ အစုရှယ်ယာမတည်ရင်းနှီးငွေ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ		
၁စောင်လျှင် ၁၀၀ကျပ်တန်ဖိုးရှိသော အစုရှယ်ယာအရေအတွက် ၁၀,၀၀၀,၀၀၀ မှရင်းနှီးငွေ	၁,၀၀၀,၀၀၀	၁,၀၀၀,၀၀၀
၁စောင်လျှင် ၅၀၀၀ကျပ်တန်ဖိုးရှိသော အစုရှယ်ယာအရေအတွက် ၄၉၇,၉၉၀ မှရင်းနှီးငွေ	၂,၄၈၇,၉၉၀	၂,၄၈၇,၉၉၀
	၃,၄၈၇,၉၉၀	၃,၄၈၇,၉၉၀

၁၅။ ပေးရန်တာဝန်များ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ကုန်သွယ်မှုအတွက် ပေးရန်ရှိများ	၄၂၉,၁၈၈	၄၂၄,၃၃၅
အခြားသောပေးရန်ရှိများ	၆၃,၃၀၁	၁၁၆,၉၁၇
ချေးငွေအပေါ်ကျသင့်သောအတိုးပေးရန်ရှိများ	၁၁,၄၀၁,၁၆၅	၈,၆၀၃,၈၅၅
	၁၁,၈၉၃,၆၅၄	၉,၁၄၅,၁၀၇

အထက်ဖော်ပြပါ ကုန်သွယ်မှုအတွက်ပေးရန်တာဝန်များအနက် မြန်မာကျပ်(ကျပ်ထောင်ပေါင်း) ၂၈၆,၈၃၄ သည် ကာလကြာရှည်သည့်တိုင်အောင် ပေးဆောင်နိုင်ခြင်းမရှိသော လက်ကျန်များဖြစ်သည်။

၁၆။ ပေးရန်အခွန်များ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
အခြေပစ္စည်းမှမြတ်စွန်းငွေအတွက် ကျသင့်အခွန် (က)	၃,၀၀၀	၁,၄၂၇
ကုန်သွယ်လုပ်ငန်းခွန် (ခ)	၁၃,၁၅၇	၁၁၀,၄၇၅
	၁၆,၁၅၇	**၁၁၁,၉၀၂**

(က) အခြေပစ္စည်းမှမြတ်စွန်းငွေအတွက် ကျသင့်အခွန်

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
စာရင်းဖွင့်လက်ကျန်	၁,၄၂၇	၈၉၆
နှစ်အတွင်း ပေးရန်တာဝန်လျာထားချက်များ	၃,၀၀၀	၁,၄၂၆
ဒဏ်ကြေးငွေများ	၁၄၃	-
အခွန်စည်းကြပ်ပြီးနောက် ကြိုတင်ခွန်နှင့် စာရင်းညှိနှိုင်းမှုများ	-	-
နှစ်အတွင်းပေးဆောင်ခြင်းများ	(၁,၅၇၀)	(၈၉၅)
စာရင်းပိတ်လက်ကျန်	**၃,၀၀၀**	**၁,၄၂၇**

(ခ) ကုန်သွယ်လုပ်ငန်းခွန်

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
စာရင်းဖွင့်လက်ကျန်	၁၁၀,၄၇၅	၁၀၅,၇၄၀
လုပ်ငန်းတစ်ခုရောင်းချခြင်းတွင်ပါဝင်သောပေးရန်အခွန်များ (မှတ်စု ၄)	-	(၂၀၂)
နှစ်အတွင်း ပေးရန်တာဝန်လျာထားချက်များ	၁၃,၁၅၇	၇၈,၉၇၅
ယခင်နှစ်များ၏ပေးရန်တာဝန်လျာထားချက်လျော့နည်းခြင်းများ	-	၅၃
ဒဏ်ကြေးငွေများ	၆,၈၃၉	၁၅,၇၀၇
စာရင်းညှိနှိုင်းမှုများ	-	(၃၀၇)
နှစ်အတွင်း ပေးဆောင်ခြင်းများ	(၁၀၆,၇၃၂)	(၇၆,၀၇၇)
အခွန်စည်းကြပ်ပြီးနောက် ကြိုတင်ခွန်နှင့် စာရင်းညှိနှိုင်းမှုများ	(၁၀,၅၈၂)	(၁၃,၄၁၄)
စာရင်းပိတ်လက်ကျန်	**၁၃,၁၅၇**	**၁၁၀,၄၇၅**

၁၇။ ပေးရန်ရှိအသုံးစရိတ်များ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ဝန်ထမ်းနှင့်ဆက်စပ်စရိတ်များ	၁၃,၈၂၃	၁၃,၅၁၆
ပညာရှင်ကြေး	၂၆၄,၄၆၉	၂၅၂,၀၈၇
CSR အတွက် လျာထားချက်များ	၇၀,၀၀၀	၅၀,၀၀၀
DCA မှကောက်ခံမှုများ	၄,၆၄၉	၄,၆၄၉
ခိုင်ကြေး (Royalty fees)	၃၆၄,၁၄၂	၃၆၄,၁၄၂
ညောင်ဦးမြို့စည်ပင်သာယာရေးကော်မတီထံသို့ ပေးရန်ရှိများ	၄၅,၉၅၀	၄၅,၉၅၀
အခြား	၂၀၈,၁၇၅	၁၅၃,၂၈၆
	၉၇၁,၂၀၈	**၈၈၃,၆၃၀**

၁၈။ ကြိုတင်ရရှိထားသောစရန်ငွေ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ခရီးသွားဧည့်သည်နှင့်ဝန်ဆောင်မှုလုပ်ငန်း	၅၃၂,၈၂၃	၅၄၂,၈၇၁
အခြားကြိုတင်ရရှိငွေများ	၁၁,၇၃၈	၂၉,၂၃၄
	၅၄၄,၅၆၁	**၅၇၂,၁၀၅**

၁၉။ အခြားပေးရန်ရှိများ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
ကော်မရှင်ပေးငွေ	၃,၁၁၆	၃,၁၁၆
ဝန်ဆောင်မှုအတွက်ချီးမြှင့်ငွေ	၃၀၃,၁၇၄	၃၀၃,၁၈၃
ကာလတိုချေးငွေ	၄၁၈,၀၀၀	၄၇၀,၀၀၀
	၇၂၄,၂၉၀	**၇၇၆,၂၉၉**

ကာလတိုချေးငွေ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် လက်အောက်ခံကုမ္ပဏီဖြစ်သော ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်) လီမိတက်သည် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ကျပ် သိန်း ၄၈၀၀ (အတိုးနှုန်း ၁%) ကို ချေးငွေကာလတစ်နှစ်ဖြင့် အစိုးရထံမှ ရယူထားပြီး သက်တမ်းစေ့ရောက်သည့်နေ့မှာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ်(၂/၂၀၂၁)အရ ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ အထိသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၀၄ ရက်နေ့ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ်(၃/၂၀၂၂)အရ ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၈ရက်နေ့ အထိသို့လည်းကောင်း အသီးသီး သက်တမ်းတိုးမြှင့်ပေးထားပါသည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကုမ္ပဏီသည် ကိုဗစ်-၁၉ချေးငွေ ပြန်လည်ပေးဆပ်မည့်အစီအစဉ်ကို ကော်မတီသို့ တင်ပြခဲ့သော်လည်း ကော်မတီထံမှ ခွင့်ပြုချက် မရရှိသေးပါ။

ယခုဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီသည် အောက်ပါ ငွေပေးချေမှုများကို ပြုလုပ်ခဲ့ပါသည်-

	ကျပ်ထောင်ပေါင်း
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်	၁၀,၀၀၀
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်	၄၂,၀၀၀
	၅၂,၀၀၀

၂၀။ ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	**၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း**
အမတဟိုး(လ်)ဒင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်	၁၀၃,၉၂၀	၈၆,၂၅၃
ဦးဝင်းအောင်	၃,၆၄၇,၃၁၈	၂,၁၉၃,၇၁၈
	၃,၇၅၁,၂၃၈	**၂,၂၇၉,၉၇၁**

၂၁။ ကာလရှည်ချေးငွေများ

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	**၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း**
ကာလရှည်ချေးငွေများ (အမေရိကန်ဒေါ်လာ ၁၀.၇ မီလီယံ)		
တစ်နှစ်အတွင်း ပေးရန်ရှိများ	၁၅,၄၆၁,၂၅၀	၁၂,၀၉၀,၇၅၀
တစ်နှစ်ကျော်လွန်ပြီးနောက်ပိုင်း ပေးရန်တာဝန်များ	၇,၀၀၈,၇၅၀	၁၀,၃၇၉,၂၅၀
	၂၂,၄၇၀,၀၀၀	**၂၂,၄၇၀,၀၀၀**

၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်နေ့တွင် လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ယူနိုက်တက်အင်တာနေရှင်နယ်ဂရု(ပ်) လီမိတက်သည် နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း (IFC)နှင့် အမေရိကန်ဒေါ်လာ ၁၀.၇ မီလီယံတန်ဖိုးရှိ ချေးငွေစာချုပ်တစ်စောင်အား အတိုးနှုန်း (အပြောင်းအလဲရှိသည့် အတိုးနှုန်း - သက်ဆိုင်ရာ အတိုးနှုန်းနှင့် SOFR တို့၏ အစုအပေါင်း) ဖြင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ ရက်စွဲပါ Waiver Letter No.9 တို့အရ နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း၏ သဘောတူညီမှုဖြင့် အရစ်ကျငွေပေးချေမှုများကို ပြန်လည်ညှိနှိုင်းပေးပြီး ပေးချေရမည့်သက်တမ်းစေ့

ကာလမှာ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၅ရက်နေ့ ဖြစ်ပါသည်။ သို့ရာတွင် ယခုအစီရင်ခံစာ ထုတ်ပြန်သည့်နေ့ထိ ချေးငွေပေးချေမှုများ မပြုလုပ်ရသေးကြောင်း တွေ့ရှိရပါ သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကုမ္ပဏီမှ ချေးငွေပေးဆောင်ရမည့်ကာလကို ရွှေ့ဆိုင်းပေးရန် နိုင်ငံတကာငွေကြေး ကော်ပိုရေးရှင်း (IFC)သို့ တောင်းခံလွှာ ပေးပို့ခဲ့ပါသည်။

၂၂။ မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက်ပေးရန်တာဝန်

အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
တစ်နှစ်အတွင်း ပေးရန်ရှိများ	၃၈,၇၉၇	၁,၃၆၄
တစ်နှစ်ကျော်လွန်ပြီးနောက်ပိုင်း ပေးရန်တာဝန်များ	၁,၁၉၅,၉၃၅	၁,၁၄၃,၂၇၇
	၁,၂၃၄,၇၃၂	**၁,၁၄၄,၆၄၁**

အနာဂတ်ကာလတွင် ပေးသွင်းရမည့်ငှားရမ်းခ (တိုးရင်းပေါင်း) မှာ အောက်ပါအတိုင်းဖြစ်ပါသည်

	၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း	၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ကျပ်ထောင်ပေါင်း
တစ်နှစ်အတွင်း ပေးရန်ရှိများ	၁၉၃,၈၆၆	၁၄၈,၂၃၀
တစ်နှစ်ကျော်ပြီးနောက်ငါးနှစ်အတွင်း ပေးရန်ရှိများ	၆၂၉,၂၅၁	၅၆၂,၉၂၁
ငါးနှစ်ကျော်လွန်ပြီးနောက် ပေးရန်ရှိများ	၇,၇၇၈,၈၃၆	၇,၆၅၉,၉၃၈
	၈,၆၀၁,၉၅၃	**၈,၄၀၁,၀၈၉**

အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော ယူနိုက်တက်အင် တာနေရှင်နယ်ဂရု(ပ်)လီမိတက် တွင်-

ဘဏ္ဍာရေးအငှားစာချုပ်များအတွက် ငှားရမ်းကာလနှင့် အတိုးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဖော်ပြချက်	လုပ်ကိုင်ခွင့်ပြုသူ	ငှားရမ်းကာလ	အတိုးနှုန်း
Amata Resort & Spa- Ngapali	-ဦးဝင်းအောင် -အမတအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်	၅၈ နှစ်	၁၃ %
Amata Garden Resort – Bagan	ဦးဝင်းအောင်	၆၀ နှစ်	၁၃ %
My Bagan Residence by Amata	ဦးဝင်းအောင်	၄၉ နှစ်	၁၃ %
Amata Garden Resort Inle Lake	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန	၅၀ နှစ်	၁၃ %
Amata Resort and Spa (Andaman)	ဦးဝင်းအောင် (အမတအင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်)	၇၀ နှစ်	၁၃ %
Apartment lease	ဒေါ်ငွေးငွေးကြည်	၂ နှစ်	၁၃ %

- မြေနှင့်အဆောက်အဦးအသုံးပြုခွင့်အတွက် ပေးရန်တာဝန်တွက်ချက်မှုဇယားပါ ငှားရမ်းကာလနှင့် သဘောတူညီမှုစာချုပ်ပါ ငှားရမ်းကာလမှာ ကိုက်ညီမှုမရှိပါ။ အသေးစိတ်ကို အောက်တွင်ဖော်ပြထားပါသည်။

ဖော်ပြချက်	စာချုပ်အရငှားရမ်းကာလ	တွက်ချက်မှုဇယားပါငှားရမ်းကာလ
Amata Resort & Spa- Ngapali	၁၅ နှစ်	၅၈ နှစ်
Amata Garden Resort – Bagan	၁၅ နှစ်	၆၀ နှစ်
My Bagan Residence by Amata	၁၅ နှစ်	၄၉ နှစ်
Amata Garden Resort Inle Lake	၅၀ နှစ်	၅၆ နှစ်
Amata Resort and Spa (Andaman)	စာချုပ်ချုပ်ဆိုထားခြင်းမရှိပါ။	၇၀ နှစ်

